နိုင်ငံတော်အသိအမှတ်ပြု

# သံဃာ့ဂိုဏ်းကြီး(၉)ဂိုဏ်း အကြောင်း

ဓမ္မဃောသက ဦးမောင်မောင်



ဒုတိယအကြိမ်

၁၈၄၈

လက်ရှိ အသိအမှတ်ပြု

# သံဃာ့ဂိုဏ်းကြီး ၉ ဂိုဏ်းအကြောင်း

(ဒုတိယအကြိမ်)

ဦးမောင်မောင်

(ဓမ္မဃောသက)

(ဒုတိယအကြိမ်)

စာအုပ်စာတမ်း ကြိုတင်ခွင့်ပြုချက် အမှတ်(၄၉၂)
မျက်နှာဖုံး ခွင့်ပြုချက် အမှတ်(၇၃)

ဒုတိယအကြိမ်

အုပ်ရေ-၂၀၀၀

၁၉၇၉—မတ်လ

ရောင်းဈေး ၇ ကျပ်

**ဖုံးရိုက် - ရတနာမွန်**

ထုတ်ဝေသူ။ ။ဦးညွန့်ဌေး၊ စိန်ပန်းမြိုင်စာပေတိုက် (၀၃၁၃)
အမှတ် ၂၃၊ မိုးကောင်းလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဦးယုကြည် ရတနာမွန် ပုံနှိပ်တိုက် (၀၃၃၁၆)
အမှတ် ၁၅၇၊ ၄၇-လမ်း၊ ရန်ကုန်မြို့။

(ဒုတိယအကြိမ်)

# မာတိကာ

၁။ အမှာစာ

၂။ အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ် ဆရာတော်ဘုရားကြီး၏ သြဝါဒကထာ

၃။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းမှ ကောက်နုတ်ချက်များ ၇

၄။ သုဓမ္မာဂိုဏ်း ၉

၅။ ရွှေကျင်ဂိုဏ်း ၁၄

၆။ မဟာဒွါရနိကာယဂိုဏ်း ၂၁

၇။ ဓမ္မာနုဓမ္မမူလဒွါရနိကာယဂိုဏ်း ၂၈

၈။ အနောက်ချောင်း ဒွါရနိကာယဂိုဏ်း ၃၂

၉။ ဝေဠုဝန်နိကာယဂိုဏ်း ၃၇

၁၀။ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း ၄၂

၁၁။ ဂဏဝိမုတ်ကူးတို့ဂိုဏ်း ၄၈

၁၂။ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း ၅၁

၁၃။ မြန်မာနိုင်ငံ သံဃာဂိုဏ်းများ ၅၈

၁၄။ ဂိုဏ်းဟူသော ဝေါဟာရ ၅၉

၁၅။ ဘာသာရေး ဂိုဏ်းဂဏများ ၆၁

၁၆။ ဗုဒ္ဓဘာသာ သံဃာဂိုဏ်းများ ၆၂

၁၇။ မြန်မာနိုင်ငံသာသနာ ၆၄

(ဒုတိယအကြိမ်)

ဂဏသမုဋ္ဌာပက ဆရာတော်ကြီးများပုံတော်

၁။ သမ္မုတိ သာသနာပိုင် တောင်ခွင် ဆရာတော်ဘုရားကြီး၏ (သုဓမ္မာ) ပုံတော်၊

၂။ ပထမ ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ရုပ်တု ပုံတော်၊

၃။ ဒွါရနိကာယအဓိပတိ အုဂ်ဖိုရ် ဆရာတော် ဘုရားကြီး၏ ပုံတော်၊

၄။ ဝေဠုဝန် နိကာယ ဂဏ သမုဋ္ဌာပက ဆရာတော်ဘုရားကြီး၏ ပုံတော်၊

၅။ ပထမ ငှက်တွင်းဆရာတော်ဘုရားကြီး၏ ပုံတော်၊

၆။ ဂဏဝိမုတ်ကူးတို့ဂိုဏ်း ပထမ ဆရာတော်ဘုရားကြီး၏ ပုံတော်၊

၇။ ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း ပထမ ဆရာတော်ဘုရားကြီး၏ ပုံတော်၊

(ဒုတိယအကြိမ်)

# ကျမ်းပြုသူ၏အမှာ

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးကို ၁၃၄၂–ခုနှစ်၊ နယုန်လဆန်း (၁၂) ရက် (၂၅–၅–၈၀) နေ့တွင် စတင် ကျင်းပရန် သံဃာ့ဝန်ဆောင် ဆရာတော်ကြီး (၆၆) ပါး အဖွဲ့ကို ဖွဲ့စည်းစဉ် အခါကပင် "ဂိုဏ်းပေါင်းစုံ" ဟူသော ဝေါဟာရ စကားလုံးကို စိတ်ပါဝင်စား မိခဲ့ပါ သည်၊ ထိုစဉ်အခါက မြန်မာနိုင်ငံ၌ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ၊ ငှက်တွင်းဂိုဏ်း ဟူ၍ သံဃာဂိုဏ်း (၄) ဂိုဏ်း၏ အမည်ကို စာရေးသူ အနေဖြင့် ကြားဖူးနားဝ ရှိခဲ့ရပါသည်။ ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဖွဲ့စည်းစဉ်အခါက အခြေခံဒေသအလိုက် (ပြည်နယ် ၇–နယ်နှင့် တိုင်း–၇–တိုင်း) ရွေးချယ်တင်မြှောက် ခြင်းခံရသော သံဃာ့သမ္မုတိရ ကိုယ်စားလှယ် (သုဓမ္မာ) ဆရာ တော် (၅၈) ပါးနှင့် ဂိုဏ်း အနေအားဖြင့် (မဟာဒွါရ–မူလ ဒွါရနှင့် ရွှေကျင်ဂိုဏ်း) ကိုယ်စားလှယ် ဆရာတော် (၈) ပါး ပေါင်း (၆၆) ပါးဖြစ်ကြောင်း တွေ့ရပါသည်။ ထို့နောက် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင် ဆရာတော် အပါး (၃၀၀) ရွေးချယ်တင်မြှောက်ရာတွင် ပထမ ဂိုဏ်း (၄) ဂိုဏ်း အပြင် ဂဏဝိမုတ်ကူး တို့ဂိုဏ်း၊ စတုဘုမ္မိက မဟာ သတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း၊ မဇ္ဈိမ ယုတ္တိနိကာယ မဟာရင်ဂိုဏ်း၊ ဝေဠုဝန် နိကာယဂိုဏ်း၊ အနောက်ချောင်း ဒွါရဂိုဏ်း ဟူ၍ ဂိုဏ်း (၅) ဂိုဏ်း ဖြည့်စွက်ပါရှိလာပါသည်။

(ဒုတိယအကြိမ်)

# အမှာ

“သံဃာအား ဘုရား ယုံခဲ့သည်” စာမူကို ရေးသားပြုစုပြီးသည့်အခါ အာစိုရ အသိအမှတ်ပြု ဤ သံဃာ့ ဂိုဏ်းကြီး ၉–ဂိုဏ်း အကြောင်းကို ထည့်သွင်းဖော်ပြမှသာလျှင် သာသနာ့သမိုင်းကြောင်းတွင် ပိုမိုပြည့်စုံပေလိမ့်မည်ဟု စိတ်ကူးပေါက်မိပါသည်။ အခြား အကြောင်း တစ်ရပ်မှာ လူပုဂ္ဂိုလ်များကို မဆိုထားဘိ၊ ရဟန်းတော်အများပင်လျှင် မိမိပါဝင်ထားသော ဂိုဏ်းအကြောင်းကို သေချာကျနစွာ မသိကြ၊ အခြား ဂိုဏ်းဂဏများ၏ အကြောင်းကိုလည်း ကြားဖူးနားဝပင် မရှိကြသဖြင့် ဤ သံဃာ့ဂိုဏ်း ၉ ဂိုဏ်း အကြောင်းကို အကျဉ်းမျှ ရေးသားပြုစု၍ “သံဃာအား ဘုရားယုံခဲ့သည်” စာအုပ်တွင် တစ်ပါတည်း ထည့်သွင်းဖော်ပြရန် စီစဉ်ခဲ့ပါသည်။

ဤ သံဃာ့ဂိုဏ်း ၉ ဂိုဏ်း အကြောင်းကို ရေးသားပြုစုရာ၌ မိမိ၏ အတ္တနောမတိ–အယူအဆများ မပါဝင်စေဘဲ သက်ဆိုင်ရာ ဂိုဏ်းအဖွဲ့များမှ ထင်ရှား၍ ခိုင်လုံသော အထောက်အထား စာအုပ်စာတမ်းများ၊ မဟာဒွါရ၊ မူလဒွါရ၊ အနောက်ချောင်းဒွါရ၊ ဝေဠုဝန်နိကာယ၊ ဂဏဝိမုတ်ကူ တို့ဂိုဏ်းနှင့် မဟာရင်ဂိုဏ်းတို့မှ လက်ရှိအကြီးအကဲ နာယက ဆရာတော်များ ထံမှ ချီးမြှင့် ရရှိသော စာရွက် စာတမ်းများ အပေါ် မူတည်၍ ရေးသားပြုစုခြင်း ဖြစ်ပါသည်။ အထူး ဖော်ပြ အစီရင်ခံလိုသည်မှာ ဤ သံဃာ့ဂိုဏ်း ၉ ဂိုဏ်း အကြောင်း စာမူကို သက်ဆိုင်ရာ ဌာနတို့က ဗဟိုသံဃ မဟာနာယကအဖွဲ့သို့ နောက်ဆုံးအဆင့် အနေဖြင့် တင်ပြပြီးမှ စာမူပုံနှိပ်ထုတ်ဝေခွင့်၊ ခွင့်ပြုချက်အမိန့်ကို ရရှိထားခြင်းပင် ဖြစ်ပါသည်။

(ဒုတိယအကြိမ်)

ကျမ်းမလေးစေရန် တစ်ကြောင်း၊ စာရှုသူများ အချိန်တိုတို နှင့် သိလွယ်၊ မှတ်လွယ် စေရန် တစ်ကြောင်းတို့ကြောင့် အဓိက အကြောင်းအရာ များကိုသာ အကျဉ်းချုံး၍ ရေးသား ပြုစု ရခြင်း ဖြစ်ရာ မပြည့်စုံမှု၊ မှားယွင်း ချွတ်ချော်မှုများ ပါရှိပါက သည်းခံခွင့်လွှတ်တော်မူကြပါရန် (လျှောက်ထား) တောင်းပန် ပါသည်။

ဤစာမူကို–၁၃၄၃ ခု၊ တန်ခူးလ သင်္ကြန်ရက် အတွင်း ရေးသားပြီးစီးခြင်း ဖြစ်ရာ ထိုအချိန်ကာလ၏ နောက်ပိုင်းတွင် ဖြစ်ပေါ်လာသော အကြောင်းရပ်များ ရှိခဲ့သော် ကျမ်းပြုသူထံ စာဖြင့် အကြောင်းကြား ချီ မြှင့်တော်မူကြပါရန်ကိုလည်း လေး လေး စားစား မေတ္တာရပ်ခံပါသည်။

ဂိုဏ်းဂဏများနှင့် စပ်လျဉ်း၍ အထူး သိမှတ်ဖွယ် ကောင်း သော နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တပဏ္ဍိတသိရိ (အဘိဓဇ မဟာရဋ္ဌဂုရု) စစ်ကိုင်း တောင်ရိုး၊ ရွှေဟင်္သာ တိုက်သစ် ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာကို မူရင်းအတိုင်း ပုံနှိပ်၍ ဤစာအုပ်ငယ်တွင် ထည့်သွင်းဖော်ပြထား ပါသည်။

ကျေးဇူးတင်ခြင်း။ ။ဤကျမ်း စာစောင် ဖြစ်မြောက်ရေး အတွက် စာဖြင့် လည်းကောင်း၊ ကိုယ်တိုင် ကြွရောက်၍ လည်း ကောင်း၊ ဝိုင်းဝန်းကူညီ ချီ မြှင့်တော်မူကြသော ဟင်္သာတမြို့ လယ်တီတိုက် ဆရာတော် ဦးခေမာဝုဓ၊ ကြည့်မြင်တိုင် ဗားဂရာ တိုက် မင်္ဂလာဇေယျုံကျောင်း ဆရာတော် ဦးဝိဇ္ဇာဒယာဘိဝံသ ပြည်မြို့၊ ကန်တွင်း ဆုတောင်းပြည့် ကျောင်းတိုက် ဆရာတော် ဦးမဓ္ဓာဘိဝရ၊ ရောင်တီတိုင်း ရေကြည်မြို့နယ် မြစ်ဆယ် ကျေး ရွာ အင်းလျားကျောင်း ဆရာတော် ဦးမဓ္ဓိဿရ၊ ရန်ကုန်မြို့

စမ်းချောင်း ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဦးသုန္ဒရာဘိဝံသ၊ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ဆရာတော် ဦးဝိရိယ၊ ရန်ကုန်မြို့ ဗဟန်း ကျိုက်သီမွန် ပါဠိ တက္ကသိုလ် ကျောင်းတိုက်ဆရာတော်ဦးတိဿ တို့အား လည်း ကောင်း၊ အကြံပေးကူညီ ညွှန်ပြတော်မူကြသော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဝါဆိုကျောင်း ဆရာတော် ဦးအဂ္ဂိယ၊ ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် (သပြေကန်) ဆရာတော် ဦးဝါသေဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ဆရာတော် ဦးဏ္ဏာသိရီ တို့အား လည်းကောင်း ကျေးဇူးတင် ဦးခိုက်ပါ၏၊

ဤစာအုပ်ငယ်သည် "သံဃာ အား ဘုရားယုံခဲ့သည်" စာအုပ်၏ နောက်ဆက်တွဲ ဖြစ်ပါသည်။ သံဃာ၏ အင်အားကို ယုံခဲ့သည် ဟူသော မူလ စာ အုပ်၏ အ နက် အဓိပ္ပါယ်အရ၊ ဆ ရာ တော်၊ သံ ဃာ တော် များ ၏ တစ်စည်းတစ်လုံးတည်း ညီညွတ်မှု အင်အားဖြင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ကြိုးပမ်း ဆောင်ရွက်တော် မူနိုင်ကြပါစေသတည်း။

ဓမ္မဃောသက–ဦးမောင်မောင်

(ကျမ်းပြုသူ)

၃၂–မဟာသုခလမ်း၊ ကျိတော်ရပ်အထက်ပုဇွန်တောင်

မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့

၁၃၄၃၊ တော်သလင်းလဆန်း ၅ ရက်

၃-၉-၈၁

(ဒုတိယအကြိမ်)

## ဒုတိယအကြိမ် ပုံနှိပ်ခြင်း

၁၃၄၂ ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်နေ့တွင် စတင်ကျင်းပသော ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကိုအကြောင်းပြု၍ 'သံဃာအား ဘုရားယုံခဲ့သည်' စာအုပ်ကို ၁၉၈၁ ခုနှစ် ဇွန်လတွင် ပထမအကြိမ်၊ ၁၉၈၄ ခု အောက်တိုဘာလတွင် ဒုတိယ အကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်၏ နောက်ဆက်တွဲ အနေဖြင့် နိုင်ငံတော် အစိုးရ အသိအမှတ်ပြု လက်ရှိ သံဃာ့ဂိုဏ်းကြီး (၉) ဂိုဏ်း အကြောင်းကိုလည်း သီးခြားစာအုပ် ပြုလုပ်၍ ၁၉၈၁ ခု နိုဝင်ဘာလတွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤသံဃာ့ဂိုဏ်းကြီး (၉) ဂိုဏ်း အကြောင်းစာအုပ်ကို ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရန် ဖြစ်သော်လည်း အကြောင်းမညီညွတ်ခဲ့ပါ။

သာမန် လူ ပုဂ္ဂိုလ်များ မဆိုထားဘိ၊ ရဟန်းတော်များပင်လျှင် ဤ သံဃာ့ဂိုဏ်းကြီး (၉) ဂိုဏ်း၏ ဖြစ်စဉ် အကြောင်းအရာတို့ကို ခရေစေ့တွင်းကျ လေ့လာသိရှိသူ နည်းပါးသဖြင့် ထပ်မံ ပုံနှိပ်ထုတ်ဝေရန် ရှင်လူပရိသတ်တို့က တောင်းဆိုထားသည်မှာ အချိန်ကာလ ကြာညောင်းခဲ့ပြီဖြစ်လျက် ယခု ရှင်လူအများ၏ ဆန္ဒပြု တောင်းဆိုချက်များကို လေးစားသောအား

(ဒုတိယအကြိမ်)

ဖြင့် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း ပြုလိုက်ရပါသည်။ ဤဒုတိယအကြိမ် ထုတ်ဝေရာတွင် သာသနာရေးတွင် စိတ်ပါဝင်စားသော သာသနာ့ မာမက ပုဂ္ဂိုလ်များအတွက် ဘာသာရေးဆိုင်ရာ ဂိုဏ်းဂဏများနှင့် စပ်လျဉ်း၍ ဗဟုသုတ ဖြစ်ဖွယ်အကြောင်းအရာများကိုပါ ဖြည့်စွက်ထည့်သွင်း ဖော်ပြလိုက်ရပါသတည်း။

ဓမ္မဃောသက ဦးမောင်မောင်

(ဒုတိယအကြိမ်)

## ပြည်ထောင်စု မြန်မာနိုင်ငံတော်
## ပထမအကြိမ်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအစည်းအဝေး၌
## နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ
## (အဘိဓဇမဟာရဋ္ဌဂုရု)
## စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်
## ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

ဤယနေ့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်တကွ တကယ်တန်း သာသနာကို ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ဆောင်ရွက်လတံ့ ဖြစ်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များကို လည်းကောင်း၊ နိုင်ငံတော် သာသနာရေး ဒုတိယဝန်ကြီးနှင့် တကွ နိုင်ငံတော်သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အစရှိသော ဒါယကာများကို လည်းကောင်း၊ အစုံအညီ တွေ့ဆုံကြရသဖြင့် အားရှိ ဝမ်းမြောက်မိပါသည်။

ဩဝါဒ စကားကို မပြောကြားမီ၊ ရှေးဦးစွာ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်း အစရှိသော မျက်မှောက်ခေတ် မြန်မာနိုင်ငံ သာသနာ နယ်ပယ်၌ ဂိုဏ်းအသီးသီး အကြောင်းကို ရှေးဦးစွာ ပြောကြားလိုပါသည်။

ဒုတိယ သင်္ဂါယနာတင်ပြီးသော အချိန်မှစ၍၊ မြတ်စွာဘုရား သာသနာတော်၌ ဂိုဏ်းအချို့မျိုးကွဲပြားလာကြသည်ကို

(ဒုတိယအကြိမ်)

ဆရာတော်များ သိရှိတော်မူကြပြီး ဖြစ်ပါသည်။ ထို အခါန်အခါက ဂိုဏ်းကွဲပြားခဲ့သည်မှာ တင်ဂိုဏ်းနှင့်တစ်ဂိုဏ်း ဝိနည်းပိဋကသာ ကွဲကြသည် မဟုတ်မူ၍၊ သူတွက်အဘိဓမ္မာ တိုင်အောင် ထူးခြားစွာ ကွဲပြားခဲ့ကြပါသည်။ ယနေ့တိုင် အောင် မဟာယာန ဂိုဏ်းနှင့် ထေရဝါဒဂိုဏ်း တို့သည် အငတ်အရုံ အစာအသောက်မှ စ၍ တင်ဂိုဏ်းနှင့် တင်ဂိုဏ်း ဆက်ဆံ၍ မဖြင်အောင် ကွဲပြားလျက်ရှိကြပါသည်။

ယနေ့ မြန်မာ နိုင်ငံ သာသနနယ်ပယ်၌၊ သုဓမ္မာ၊ ရွှေကျင် ဒွါရ စသည်ဖြင့် ဂိုဏ်းကွဲပြားသည်ဟု ဆိုရသည်မှာကား အမှန် စင်စစ် ကွဲပြားသည်ဟုပင် ပြောသင့်သည် မဟုတ်ပါ။ ပြောဆို ရမည် မဟုတ်ပါ၊ မြန်မာပြည်၌ ဗုဒ္ဓသာသနာတော်နှင့် စပ်၍ ဝါဒကွဲပြားသော ဂိုဏ်းကွဲဟူ၍ မရှိဟု ရဲရဲပြောနိုင်ပါသည်။ ပြောနိုင်သောအကြောင်းမှာ....

၁။ သုဓမ္မာ ဟူသော အမည်နာမ ပညတ်သည် သက်ဦး ဆံပိုင် မြန်မာမင်းများ လက်ထက်၌ သာသနာရေးနှင့် သံဃာ့အရေးနှင့် စပ်လျဉ်းသော အမှုအခင်း များကို ရှင်းလင်းဆုံးဖြတ်တော်မူကြရန် သင့်လျော်သော ဆရာ တော် (၈) ပါးကို ရွေးချယ်၍ သုဓမ္မာဇရပ်၌၊ တစ် နည်း သံဃာ့တရားရုံး၌ စည်းဝေးရုံးထိုင်တော် မူကြ၍၊ သာသနကိစ္စ သံဃကိစ္စတို့ကို ဝိနည်းဓမ္မကံနှင့်အညီ ဆုံးဖြတ်စီရင်တော်မူကြရသည်။ သုဓမ္မာ အဖွဲ့ဝင် ထို ဆရာတော်များကို သုဓမ္မာ ဆရာတော်များဟူ၍ ခေါ် ဝေါ် ပညတ်ကြလေသည်။ ထို သုဓမ္မာ ဆရာတော်

(ဒုတိယအကြိမ်)

အဆက်ဆက်တို့၏ တပည့် သားမြေး သံဃာတော် အဆက်ဆက်တို့လည်း သုဓမ္မာ သံဃာဟူ၍ ခေါ်ဝေါ် ပြောဆိုကြပါသည်။ တမင်ကလာ သုဓမ္မာ သံဃာအဖွဲ့ ဟူ၍ လည်းကောင်း၊ သုဓမ္မာဂိုဏ်းဟူ၍ လည်းကောင်း၊ ဖွဲ့စည်းခဲ့ကြသည် မဟုတ်ပါ။ သုဓမ္မာသံဃာ —သုဓမ္မာ ဂိုဏ်း သံဃာတော်များ လက်ခံပို့ချ သင်ကြားလေ့လာ ဆောင်ရွက်တော် မူကြသော ပိဋကတ်တော်များသည် လက်ရှိ ပဌမ သင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာမူ ဖြစ်သော ပိဋကတော်များသာ ဖြစ်ပါသည်။

၂။ ရွှေကျင်ဂိုဏ်းဟူသည် ရွှေဘိုတောင်လက်၊ ဝက်လက် မြို့နယ် လှုတော ငါးရွာအင်း ရွှေကျင်ရွာ၌ ဖွားမြင် တော်မူသော ဆရာတော်ဖြစ်၍၊ ရွာကို အစွဲပြုပြီး ရွှေကျင်ဆရာတော်ဟူ၍ ခေါ်ဝေါ်ပညတ်ကြပါသည်။ ထို ရွှေကျင်ဆရာတော်၏ တပည့် သားမြေး များကို ရွှေကျင်ဟူ၍ ခေါ်ဝေါ်ကြပါသည်။ နောက်ကာလ ရောက်မှ အစုအဝေး များလာသဖြင့် ဂိုဏ်းအမည်တပ် ပြီး ရွှေကျင်ဂိုဏ်းဟု ပညတ် ခေါ်ဝေါ် ကြပါသည်။ ရွှေကျင်ဆရာတော်ကြီးမှ အစပြု၍ ယနေ့ဝိုင် ထင်ရှား ရှိကြသော ရွှေကျင်သံဃာများသည်လည်း ပဌမ သင်္ဂါယနာတင် ပိဋကနှင့် ဆဋ္ဌ သင်္ဂါယနာတင် ပိဋကတော်များကိုပင် လက်ခံပို့ချ သင်ကြား ဆောင် ရွက်လျက် ရှိကြပါသည်။ ဒွါရဂိုဏ်းမှာလည်း နည်းတူ ပင် ဖြစ်ပါသည်။ ယနေ့ ထင်ရှားရှိပြီး နိုင်ငံတော်က

လက်ခံထား သော ဂိုဏ်းဝင် သံဃာများ လက်ခံကျင့်သုံး ဆောင်ရွက် နေသော ပိဋကတ်တော် မှာလည်း သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ သံဃာများကဲ့သို့ပင် လက်ရှိ ပိဋကတ်တော်များပင် ဖြစ်ပါသည်။

၁။ သုဓမ္မာ သံဃာကလည်း သည်ဝိနည်း၊ ၂။ ရွှေကျင် သံဃာကလည်း သည်ဝိနည်း၊ ဒွါရသံဃာ စသည်တို့လည်း သည်ဝိနည်း၊ သုတ္တန် အဘိဓမ္မာများ သည်လည်း မကွဲမပြား အတူပင် ဖြစ်ကြသည်။ အကွဲအပြား မရှိကြပါ။ သို့ဖြစ်၍ ပြောလိုသည်မှာ ဆရာသမားတို့၏ အမည်နာမ ပညတ်ကို အစွဲပြု၍ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းဟု ခေါ်ဆိုကြရသော်လည်း အမှန်စင်စစ် ကွဲပြားကြသည် မဟုတ်ကြောင်းကို ပြောလိုပါသည်။ သို့ကြောင့်လည်း သဘောမပေါက်မီ သူ့ဂိုဏ်း၊ ငါ့ဂိုဏ်းဟု စွဲလမ်းထင်မြင် ယူဆခဲ့ကြစေကာမူ၊ ယခု လက်တွေ့ ပူးပေါင်းဆောင်ရွက် လာကြသော အခါ ဂိုဏ်းကွဲ မရှိကြောင်း၊ အယူအဆ မကွဲပြားကြောင်းကို လက်ငင်း မျက်မြင် တွေ့ရှိတော်မူကြပြီဖြစ်၍ ပညတ် အခေါ်အဝေါ်သာ ရှိ၍ စင်စစ် အမှန်တကယ် အကွဲအပြားမရှိသော ဂိုဏ်းပေါင်းစုံ သံဃာများသည် စည်းလုံးသည်ထက် စည်းလုံး ညီညွတ်လျက် မြတ်စွာဘုရား၏ သာသနာတော်ကြီးကို ဂိုဏ်းပေါင်းစုံ အားအပြည့်ဖြင့် ဆောင်ရွက်တော်မူနိုင်ကြပါစေ ဟူ၍ ပတ္ထနာပြုကာ နိဂုံးချုပ်လိုက်ပါ သတည်း။

ရွှေဟင်္သာ ဆရာတော်

စစ်ကိုင်းဘောင်ရှိး

(ဒုတိယအကြိမ်

# သံဃာ့ဂိုဏ်းများအကြောင်း အကျဉ်းချုပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း၏ အခန်း (၁) အမည် နှင့် အဓိပ္ပာယ် ဖော်ပြချက် အပိုဒ် (၂) ဿ တွင်....

"ဂိုဏ်း" ဆိုသည်မှာ ၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် (၁) ရက် (၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ၊ ၁—ရက်) သောကြာနေ့ကို နောက်ဆုံးထား၍ သာသနာရေး ဦးစီးဌာန၌ စာရင်းဝင်သော နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည့် သံဃာ့ဂိုဏ်းများကို ဆိုသည်။

ဟူ၍လည်းကောင်း

အခြေခံ စည်းမျဉ်း (အခန်း ၂) အပိုဒ် ၇ တွင်....

"ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့အစည်း အတွင်း၌ ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁-ရက်နေ့၊ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁-ရက်၊ သောကြာနေ့မတိုင်မီ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနတွင် စာရင်းဝင်ပြီးသော သံဃာ့ဂိုဏ်း အသီးသီးကို ဆက်လက်တည်ရှိခွင့်ပြုသည်"....

ဟူ၍လည်းကောင်း၊

(ဒုတိယအကြိမ်)

အခြေခံစည်းမျဉ်း နောက်ဆက်တွဲ (က) တွင်....

၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် ၁-ရက်၊ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁—ရက်၊ သောကြာနေ့ကို နောက်ဆုံးထား၍ သာသနာရေး ဦးစီးဌာန၌ စာရင်းဝင်သော သံဃာ့ဂိုဏ်းများစာရင်း။

(အခြေခံစည်းမျဉ်း အပိုဒ် ၂ (ဃ) နှင့် အပိုဒ် ၇—)

၁။ သုဓမ္မာ

၂။ ရွှေကျင်ဂိုဏ်း

၃။ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ

၄။ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယ

၅။ အနောက်ချောင်း ဒွါရဂိုဏ်း

၆။ ဝေဠုဝန် နိကာယဂိုဏ်း

၇။ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း

၈။ ဂဏဝိမုတ်ကူးတို့ဂိုဏ်း

၉။ ဓမ္မယုတ္တိက နိကာယ မဟာရင်ဂိုဏ်း

အထက် ဖော်ပြပါအတိုင်း စာရင်းဝင် သံဃာဂိုဏ်း ၉—ဂိုဏ်းတို့၏ အကြောင်းအရာတို့ကို ရှင်လူအများတို့ ဗဟုသုတအဖြစ်ဖြင့် သိမှတ်ထားနိုင်ကြစေခြင်းငှာ အကျဉ်း ချုံး၍ ဖော်ပြပါသည်။

(ဒုတိယအကြိမ်)



မြန်မာမင်းလက်ထက် ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ
သာသနာပြု— သာသနာပိုင်
(သုခမ္မာ)
တောင်ခွင်ဆရာတော်ဘုရားကြီး၏ ပုံတော်
(၁၂၀၆—ခုနှစ်။ ၁၂၉၉—ခုနှစ်)

# (၁)

# သုဓမ္မာဂိုဏ်း

**၁။ သုဓမ္မာဂိုဏ်း။** ။သက္ကရာဇ် ၁၂၁၄—ခုနှစ်၊ ပဉ္စမ သင်္ဂါယနာတင် မင်းတုန်းမင်း နန်းတက်လာသော အခါ ဒုတိယ မောင်းထောင်ဆရာတော် အရှင်ဉေယျဓမ္မကို သာသနာပိုင် တင်မြှောက်လေသည်။ ။ ထိုအခါ သာသနာပိုင် အမှူးရှိသော သုဓမ္မာ ဆရာတော် ရှစ်ပါးတို့သည် ရွှေကျင်ဆရာတော် အရှင်ဇာဂရကို သုဓမ္မာ သို့လာရန် ဆင့်ခေါ်သည်ကို မင်းတုန်းမင်းတရားကြီး သိတော်မူလျှင် သုဓမ္မာဆရာတော်များနှင့် ရွှေကျင်ဆရာတော်ကို ကျေနပ်အောင် လျှောက်ထားပြီးသော်၊ ရွှေကျင် ဆရာတော်ကို နောက်အခါ သုဓမ္မာက ဆင့်ခေါ်ခြင်း မပြုနိုင်အောင် ဂဏဝိမုတ် အမိန့်ထုတ်တော် မူသည်။ ထိုအခါမှစ၍ ရွှေကျင် ဆရာတော်လည်း ရွှေကျင်ဂိုဏ်း မဟာဓမ္မိကာရာမတိုက်၊ ထရံကာတိုက်၊ ရမည်းသင်းတိုက်၊ မင်းခင်းတိုက်၊ မြတောင်တိုက်၊ ဤ ရွှေကျင်ငါးတိုက်ကို ဦးစီးဦးကိုင်ပြုကာ သုဓမ္မာ ဆရာတော်များနှင့် မဆက်သွယ်ဘဲ ဝိနည်းကံ သီးခြား ပြု၍နေသည်။ ထိုအခါမှစ၍ **သုဓမ္မာဂိုဏ်း**၊ ရွှေကျင် ဂိုဏ်းဟု သာသနာတော်၌ ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲသည်။

(မြန်မာ့စွယ်စုံကျမ်း အတွဲ ၈၊ နှာ ၁၇၁)

* * *

သုဓမ္မာဆိုတာ မူလက ဂိုဏ်းတစ်ခု မဟုတ်၊ အဆောက် အအုံတစ်ခု၏ အမည်၊ ဇရပ်၊ သုဓမ္မာဇရပ်၊ သာမညတော့ မဟုတ်၊ ဘုရင်က ဆောက်လုပ် ထားပြီး သာသနာတော် အတွက် အရေးကြီးသော ဌာနတစ်ခု၊ အဆောက်အအုံ တစ်ခု ဖြင်သည်။ အင်းဝခေတ် အနောက်ဖက်လွန်မင်းတရား လက် ထက် (သက္ကရာဇ် ၉၃၄) မှာ မဟာမြတ်မုနိ သုဓမ္မာဇရပ်၌ ပိဋကသုံးပုံ၊ ပါဠိ၊ အဋ္ဌကထာတို့ကို ဆရာတော်ကြီး များက ကြီးကြပ်ရေးသည်။ အချို့မင်းများ လက်ထက် စာတော်ပြန် ပွဲများ ကျင်းပပြုလုပ်သည်။ သာသနာရေး ကိစ္စများ ဆွေး နွေးဆုံးဖြတ်ရာ ဌာန၊ ကုန်းဘောင်ခေတ်တွင် ပိုပြီး တွင်ကျယ် လာသည်။ ရတနာပုံခေတ် မင်းတုန်း၊ သီပေါ လက်ထက်ကျ တော့ ဌာနကို စွဲပြီး ဌာနီဖြစ်တဲ့ ဆရာတော်ကြီးများ ကိုပါ သုဓမ္မာ ဆရာတော်များ ဟူ၍ ခေါ်တွင်လာသည်။

သုဓမ္မာ ဇရပ်တွင် စာတော်ပြန်ပွဲများ ကိစ္စလောက်သာ မဟုတ်တော့ဘဲ သာသနာရေး မှုခင်းများကိုပါ သက်ဆိုင်ရာ ဆရာတော်များက သုဓမ္မာဇရပ်မှာ စုရုံးစည်းဝေးပြီး ဆုံးဖြတ် ကြသည်။ ဝိနိစ္ဆယ (သာသနာတော်ဲ မှုခင်းဆိုင်ရာ) တရားရုံး ကြီး ဖြစ်လာသည်။ သုဓမ္မာသို့ တက်ရောက် တာဝန်ယူကြရတဲ့ ဆရာတော်များကို သုဓမ္မာ ဆရာတော်များ ဟူ၍ ခေါ်ဝေါ် သိမှတ်လာကြတယ်။ သာသနာပြု အဖွဲ့ဝင် ဆရာတော်များ လည်း သုဓမ္မာသို့ တက်ခွင့်ရသဖြင့် သုဓမ္မာ ဆရာတော်များဟု ခေါ်ဝေါ် သိမှတ်ကြသည်။

(ရဟန်းသား၏ မြတ်သောရဟန်းစာအုပ်မှ ကောက်နုတ်ချက်)

× × ×

(ဒုတိယအကြိမ်)

# သာသနာပိုင် တောင်ခွင် ဆရာတော်
## (၁၂၀၆—၁၂၉၉ ခု)

၁၂၄၆—ခုနှစ်တွင် ဝိသုဒ္ဓါ သီလာစာရက ဝိဇေမဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၂၄၇ ခုနှစ် တွင်၊ ဝိသုဒ္ဓသီလာစာရဇေသီရိပဝရမဟာဓမ္မ ရာဇာဓိရာဇ ဂုရု ဘွဲ့တံဆိပ်တော်ကို လည် ကောင်း၊ သီပေါမင်းက ဆက်ကပ် လှူဒါန်းသည်။ သီပေါမင်း ပါတော်မူပြီးသည့် နောက်— အင်္ဂလိပ်အစိုးရလက်ထက် ၁၂၆၅—ခုနှစ်တွင် သတ္တမမြောက် အက်ဒွပ်ဘုရင်၏ ကိုယ်စား အိန္ဒိယ ဘုရင်ခံချုပ် ဆာနဒ် (SANAD) အမိန့်တော်နှင့် တကွ ‘ဝိသု ဒ္ဓသီလာစာရသီရိပဝရ ဓမ္မသေနာပတိ မဟာသံဃာ့ရာဇာ’ ဘွဲ့တံဆိပ်တော်ကိုဆက်ကပ် လှူဒါန်းသဖြင့် သံဃာ ိဿရ သံဃဦးကိုင် သာသနာပိုင်အဖြစ်သို့ ရောက်တော်မူသည်။

သီပေါမင်းလက်ထက် သာသနာမှုတို့ကို စီမံ အုပ်ချုပ်ရန် ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ကျိပ်နှစ်ပါး ပါဝင်သော သုဓမ္မာ အဖွဲ့ကို ဖွဲ့စီးပြီးနောက် ၁၂၄၄—ခုနှစ်တွင်— ‘တောင်တော် ဆရာတော်’ အား သာသနာပြု သာသနာပိုင် အဖြစ် အပ်နှင်းသည်။ သီပေါမင်း ပါတော်မူပြီး နောက် ၁၂၅၆—ခုနှစ်တွင် သာသနာပိုင် ဆရာတော် ပျံလွန်တော်မူသည်။ သုဓမ္မာအဖွဲ့ဝင် တစ်ကျိပ် နှစ်ပါး ဆရာတော် တို့က မိုးကောင်းဆရာတော် အရှင်နာဂိန္ဒ ကို လည်းကောင်း၊ ၁၂၅၇ ခုနှစ်တွင် လေးပြင်လေးရပ်ရှိ ဆရာတော် သံဃာတော်များနှင့်

(ဒုတိယအကြိမ်)

ကင်းဝန်မင်းကြီး အမှူးရှိသော ဒါယကာတို့က ပခန်း ဆရာတော် ကိုလည်းကောင်း၊ သမ္မုတိသာသနာပိုင်အဖြစ် တင်မြှောက်ကြသည်။ ထို ဆရာတော်နှစ်ပါးစလုံးကိုပင် အင်္ဂလိပ်အစိုးရက အသိအမှတ်မပြုဘဲ ထားခဲ့သည်။ လစ်လပ်နေသော သာသနာပိုင် နေရာအတွက် ၁၂၆၃–ခုနှစ်တွင် ဆန္ဒမဲပေး၍ ရွေးချယ်ကြရာ (၁) မိုးတားဆရာတော်က ပထမ (၂) တောင်ခွင်ဆရာတော်က ဒုတိယ (၃) ဒုတ်လှမ်းဆရာတော်က တတိယ ရရှိတော်မူကြသည်။

သာသနာပိုင် ဆရာတော်အဖြစ် အသိအမှတ်ပြုရန် စီစဉ်နေဆဲမှာပင် မိုးတားဆရာတော် ပျံလွန်တော်မူသဖြင့် ဒုတိယ ဆန္ဒမဲအများဆုံး ရရှိသည့် တောင်ခွင် ဆရာတော် အား အင်္ဂလိပ်အစိုးရက မဟာသံဃာ့ရာဇာ သာသနာပိုင်အဖြစ်ဖြင့် သိမှတ်အပ်နှင်းသည်၊ သီပေါမင်း ပါတော်မူပြီးသည့်နောက် အင်္ဂလိပ်အစိုးရ လက်ထက် ပထမဆုံးနှင့် နောက်ဆုံး သာသနာပိုင် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်အပ်နှင်းခြင်း ခံရသော ဆရာတော်ကြီး ဖြစ်သည်။

၁၂၆၉–ခုနှစ်တွင် တောင်ခွင် ဆရာတော် ဘုရားကြီး (သက်တော်–၆၄၊ သိက္ခာတော်-၄၅) ပျံလွန်တော်မူပြီးသည့်နောက် သုဓမ္မာ ဂိုဏ်း၌ သာသနာပိုင် တင်မြှောက်ခြင်း မရှိတော့ပေ၊ ဂိုဏ်း အကြီးအမှူး မဟာနာယက ဆရာတော် အဆက်ဆက်တို့က သာသနာတော်ရေး သာသနာတော် အမှု တို့ကို စီရင်ဆုံးဖြတ်တော်မူကြသည်။

(မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၃–ကို ကိုးကားသည်။)

(ဒုတိယအကြိမ်)

မှတ်ချက်။ ။သုဓမ္မာ သဘင်တွင် ပါဝင်သော သုဓမ္မာ သာသနာပြု ဆရာတော်ကြီး ၈–ပါး တို့မှာ (၁) မောင်းထောင်ဆရာတော်၊ (၂) ပြည် ဆရာတော်၊ (၃)မတ္တရာ ဆရာတော်၊ (၄)သက် ပန်း ဆရာတော်၊ (၅) စလင်း ဆရာတော်၊ (၆) စံကျောင်း ဆရာတော်၊ (၇) ပုခန်း ဆရာတော်နှင့် (၈) သင်္ဂဇာဆရာတော်တို့ ဖြစ် ကြ၏။ သာသနာတော် ဆိုင်ရာ မှုခင်း ကိစ္စ များကို ဆင့်ခေါ်ဆုံးဖြတ်ရာ၌ သာသနာပိုင် မောင်းထောင်ဆရာတော် ဦးဥေယျက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်၍ လှုတွေ ဆရာတော်က သုဓမ္မာအဖွဲ့၏ အတွင်းရေးမှူး အကျိုးဆောင် အဖြင့်ဖြင့် ဆောင်ရွက်တော် မူကြကြောင်း မှတ်တမ်းအချို့တွင် တွေ့ရသည်။

စာရေးသူ

× × ×

# (၂)
# ရွှေကျင်ဂိုဏ်း

၂။ ရွှေကျင်ဂိုဏ်း။ ။မင်းတုန်းမင်း ကြီးသည် မင်းအဖြစ်သို့ ရောက်သောအခါ ဗုဒ္ဓ သာသနာတော်ကို ပြုစုရန် အတွက် သီးလုံးဆရာတော်ကို နေပြည်တော်သို့ပင့်ရာတွင် ကြွလာတော် မမူသောကြောင့် ရွှေဘိုနယ်၌ စာချကာ သာသနာ ပြုလျက် ရှိသော ရွှေကျင်ဆရာတော်ကို ပင့်ရသည်။ ရွှေကျင်ဆရာတော် ကြွလာတော်မူသောအခါ ပြဆိုခဲ့သည့်အတိုင်း ရွှေကျင် ငါး တိုက်ကို တည်ထောင် လှူဒါန်းလေသည်။ ထိုတိုက်မှာ မူလ မှည့်ခေါ်ရင်း အမည်ဖြင့် "မဟာဓမ္မိကာရာမ" ဟူ၍ တွင်ရ မည့် အစား ထိုတိုက်၌ သီတင်းသုံးတော်မူသည့် ရွှေကျင် ဆရာ တော်ကို အစွဲပြု၍ "ရွှေကျင်ဂိုဏ်း" ဟူ၍သာ တွင်ခဲ့လေသည်။

သာသနာရေးဆိုင်ရာ အရပ်ရပ် မှတ်တမ်းများအရ ဖော်ပြ ရလျှင် အချုပ်အားဖြင့် မင်းတုန်းမင်းကြီး လက်ထက်တွင် မန္တလေးတောင်ခြေ၌ သီတင်းနေ့တိုင်း သာသနာပြု ဆရာတော် ရှပ်ပါး ကြွရောက် စည်းဝေးတော်မူကြကာ သာသနာရေးကို တိုင်ပင်စီရင်တော်မူကြသည့် "သုဓမ္မာသဘင်" ဇရပ်တစ်ဆောင် ရှိလေသည်။ သံဃာတော်များ ဆိုင်ရာ အမှုအခင်းရှိလျှင် ထို သုဓမ္မာသဘင်က ဆင့်ခေါ် စီရင်ကြမြဲ ဖြစ်၏။ သုဓမ္မာသဘင်၏ အကြီးအမှူး ဥက္ကဋ္ဌမှာ သာသနာပိုင် ဆရာတော် ဦးညေယျ ဖြစ်၍ မဟာဒါန်ဝန်မှာ ဦးဘောဖြစ်လေသည်။

(ဒုတိယအကြိမ်)



ရွှေကျင် ဂဏသမုဋ္ဌာပက
ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပုံတော်
( ၁၁၇၄-၊ ၁၂၅၅-ခုနှစ် )

တစ်နေ့သ၌ သုဓမ္မာဝင် ဆရာတော်တို့၏ အမိန့်နှင့် ရွှေကျင် ဆရာတော်ကို သုဓမ္မာသို့ကြွရန် ဆင့်ဆိုလိုက်ရာ ရွှေကျင် ဆရာတော် မကြွဘဲနေ၏။ ထိုတွင် ဆင့်ဆိုချက်တွေ ဆင့်ကာ ဆင့်ကာ လာလေသည်။ လာသော်လည်း မသွားဘဲ နေဖန်များသော ကြောင့် သုဓမ္မာ ဆရာတော်တို့က မင်းလုလင် ကျောင်းကျွန် များနှင့် ရွှေကျင် ဆရာတော်တို့ကို အတင်းဆွဲခေါ်ရန် တိုင်ပင် နှိုးနှော်ကာ နေ့ရက် ချိန်းထားကြသော ဟူ၏။

ထိုအခါ ရွှေကျင်ဆရာတော် အပေါ်၌ မေတ္တာသက်ဝင် လျက်ရှိသော သုဓမ္မာဝင် ဆရာတော်အချို့က ခေတ္တ အခြားသို့ ရှောင်နေရန် အကြံပေးသော ကြောင့် အင်္ဂလိပ်ပိုင်နက်ဖြစ် သော အောက်မြို့ အောက်ရွာသို့ ကြွတော်မူရန် ပြင်ဆင်တော့ သည်။ မင်းတုန်းမင်းကြီး သိလျှင် ရွှေကျင် ဆရာတော်အား မကြွရန်တားပြီးနောက် ဂဏဝိမုတ် (ဂိုဏ်းမှ အလွတ်ပုဂ္ဂိုလ်) ဟု အမိန့်တော်ထုတ်လေသည်ဆို၏။ ထိုအချိန်မှ စ၍ ရွှေကျင် ဆရာတော်နှင့် သဘောတူညီကြသော သံဃာစုကို ရွှေကျင်ဂိုဏ်း ဟု ခေါ်ပြီးလျှင် သုဓမ္မာသဘင်မှ အုပ်ချုပ်သော သံဃာစုကို သုဓမ္မာဂိုဏ်းဟု ခေါ်ကာ ရွှေကျင် သုဓမ္မာ ဟူ၍ ထင်ထင်ရှား ရှား ဂိုဏ်းကွဲခဲ့ရသည်

(ဝဏ္ဏကျော်ထင် ဦးဘသန်း၏ ရွှေကျင်သာသနာ နှစ်တစ်ရာစာအုပ်မှ ကောက်နုတ်ဖော်ပြသည်)

× × ×

(ဒုတိယအကြိမ်)

## ထေရုပ္ပတ္တိ အကျဉ်းချုပ်

ရွှေကျင်ဆရာတော် ဘုရားသည် သက္ကရာဇ် ၁၁၈၄—ခုနှစ် ဝါဆိုလဆန်း ၁၃—ရက်၊ အင်္ဂါနေ့ ရွှေဘိုတောင်ဘက် ရွှေကျင်ရွာ၌ ဖွားမြင်တော်မူသည်။ ငယ်မည် မောင်သန့် ဖြစ်သည်။ ခမည်းတော် ဦးမောင်၊ မယ်တော် ဒေါ်မယ်မိတို့ ဖြစ်သည်။ အသက် ၇—နှစ် အရွယ် ရွှေကျင်ဆရာတော် ဦးဝရဗုဒ္ဓိထံ၌ စာပေသင်ကြားသည်။ ဦးဝရဗုဒ္ဓိထံ၌ပင် ရှင်သာမဏေဖြစ်သည်။ (ဘွဲ့မည် ရှင်ဇာဂရ) အသက် ၁၅—နှစ် အရွယ်၌ ရွှေဘိုမြို့ ဝက်ပါကျောင်း ဆရာတော် ထံတွင် ပညာ ဆက်လက်သင်ကြားသည်။ ၁၈—နှစ်အရွယ်၌ သီးလုံးဆရာတော်ထံ ဆည်းကပ်မိ၍ အဓိဋ္ဌာဝါသိက တပည့်ရင်း ဖြစ်သည်။

အသက် ၂၀—ပြည့်လျှင် ရွှေကျင်ရွာ ဦးဝရဗုဒ္ဓိထံ၌ ရဟန်း အဖြစ်သို့ ရောက်သည်။ အမရပူရ နေပြည်တော်ရှိ ကျော်ကြားသော ဆရာတော်များထံ၌ ၈—နှစ်တိုင်တိုင် စာပေ သင်ကြားနည်းနိဿယ ခံယူခဲ့ပြီးနောက်၊ မန်ကျည်းစဉ်၊ ခေါ်တော၊ ရှိမ်းမကား တောကျောင်းတို့၌ စာပေပို့ချနေသည်။ တပည့်သံဃာ ၅၀—ကျော်ရှိသည်။ မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့ ရွှေဘိုအထွက်တွင် မန်ကျည်းစဉ် တောကျောင်း၌ ဖူးမြင်ကြရ၍၊ နောင်အခါ သာသနာပြုတော်မူရန် အထိ လျှောက် တောင်းကြသည်။ မင်းတုန်းမင်းတရား ထီးနန်း တည်ထောင်ပြီး၍ ရွှေကျင်ဆရာတော် ၁၉ ဝါအရတွင် မြို့တော် မန္တလေးသို့ပင့်၍ ရွှေကျင်တိုက် ၅ တိုက် တည်ဆောက်လှူဒါန်းသည်။

(ဒုတိယအကြိမ်)

သာသနာ့တော်ပြုရန် လျှောက်ထားသော မင်းအာဏာစက်နှင့် တွဲဖက်၍ ရွှေကျင်ဆရာတော်ဘုရားကြီး ထုတ်ပြန်တော်မူသော ဓမ္မစက်ဖြင့် ၁၂၃၀ ပြည့်နှစ်၌ အလုံ၊ ဒီပဲယင်းစသော မြို့တို့၌ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် အကြီးအကဲများ ခန့်ထား၍ သာသနာပြုတော်မူရသည်။ နေပြည်တော်မန္တလေးမြို့၌ ၁၂၃၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀–ရက်နေ့ လှူဒါန်းသော အရှေ့ပြင်မဟာဝိသုဒ္ဓါရာမစသော ၁၂ ရပ်သော တိုက်တို့၌ ဆရာတော်စသော ပုဂ္ဂိုလ်များကိုလွှဲအပ်ချီးမြှောက်တော်မူ၍ သာသနာပြုတော်မူသည်။

သက္ကရာဇ် ၁၂၃၇-၃၈ ခုနှစ်ကစ၍ တောရဆောက်တည်တော်မူသည်။ ၁၂၃၉–၄၀ ခုနှစ်၌ သီဟိုဠ်သို့ ကြွတော်မူသည်။ သီပေါမင်း ပင့်လျှောက်၍ ၁၂၄၃ ခုနှစ်၌ မန္တလေးမြို့တော် ရွှေကျင်တိုက်သို့ ကြွရောက် သိတင်းသုံးတော်မူရပြန်သည်။ ထိုနှစ်၌ပင် တောင်တွင်းဆရာတော်နှင့် တွဲဖက်၍ ၉-ဌာန သာသနာပြုရန် လျှောက်ထားသဖြင့် သာသနာပြုရပြန်သည်။ မင်းတုန်းမင်း လှူသော ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သီပေါမင်း လှူသော သာသနာပိုင် တံဆိပ်ကိုလည်းကောင်း လက်ခံတော်မမူ၊ ငြင်းပယ်တော်မူလိုက်သည်။ ၁၂၄၆ ခုနှစ် သက်တော် ၆၄ နှစ်၌ မင်းကွန်းငွေတောင် တောရသို့ ထွက်၍ သိတင်းသုံးတော်မူသည်၊ ၁၂၅၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇-ရက်နေ့ည၌ လဝန်းပေါ် ချိန်၌ ပျံလွန်တော်မူလေသည်။

(စစ်ကိုင်းတောင်ရိုး အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ရွှေကျင်နိကာယ သာသနာဝင်မှ ကောက်နှုတ်ဖော်ပြသည်။)

ရွှေကျင်နိကာယသမိုင်းကိုလေ့လာလျှင် ခေတ်ဦး၊ ခေတ်လယ်၊ မျက်မှောက်ခေတ် ဟူ၍ ခေတ်သုံးခေတ်ကို တွေ့ရမည်။

**ခေတ်ဦးကာလ။** ။၁၂၂၂-ခု ဝါဆိုလပြည့် နေ့မှ၁၂၅၅ခု တပေါင်းလဆုတ် ၇ ရက်နေ့အထိ ၃၃ နှစ်၊ ၈လ၊ ၇ ရက်တာ ကာလသည် ရွှေကျင်နိကာယ၏သန္ဓေတည်အခြေချခေတ်ဦးကာလဖြစ်သည်။ ထို ၃၃နှစ် ကျော်ကာလအတွင်းဝယ် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပဉ္စမ သင်္ဂါယနာတင် မင်းတရားကြီးနှင့်သားတော် မာရ် အောင် ရ တ နာ စေ တီ ဒါ ယ ကာ တို့၏ လျှောက်ထား တောင်းပန်မှု၊အားပေး ထောက်ခံမှုကို လက်ခံရယူ၍ ဘုရားရှင် အလိုတော်ကျသည့် သံဃာ့ အ ဖွဲ့ အ စည်းကြီး ပီသရေးအတွက် သံဃာထုအတွင်း၌ သာသနာ့ သန့်ရှင်းရေးကို ဆောင်ရွက်တော်မူသည်။

**ခေတ်လယ်ကာလ။** ။ထိုခေတ်လယ်ကာလသည် ၁၂၅၆ခု၊ တပို့တွဲလဆန်း ၁၃ ရက်မှ ၁၂၇၈ခု ဝါဆိုလဆန်း ၈-ရက်နေ့ အထိ နှစ်ပေါင်း ၂၀ကျော် သက်တမ်းရှိသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်သည် ထိုနှစ် ၂၀ကျော်ကာလအတွင်း ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ပဉ္စမသင်္ဂါယနာတင် မင်း တ ရား ကြီး တို့ သံဃာထုအတွင်း သာသနာ့ သန့်ရှင်းရေး ဆောင်ရွက်ကြရာမှ ထင်ရှားပေါ်ထွက်လာရသော ရွှေ ကျင် နိ ကာ ယကြီး ပြိုလှိုင်းလျော့ပါးခြင်း မရှိရအောင် စောင့်ရှောက်သည်။ အရည်အသွေး အရေအတွက် တိုးတက်အောင် ဆောင်ရွက်သည်၊ ရွှေကျင်နိကာယသည်အဖွဲ့အစည်းကြီး တရပ်အဖြစ် ပုံစံ ကျလာရတော့သည်။ ခိုင်မာခြင်းသို့ရောက် လူလားမြောက်လာရတော့သည်။

(ဒုတိယအကြိမ်)

မျက်မှောက်ခေတ်။ ။ဆက်လက် လေ့လာလျှင် သက်တမ်း ၅၄ နှစ် ရှိပြီ ဖြစ် သည့် နိကာယကြီး သွေးအေး ပျက်ပြယ် ပျောက်ကွယ် ပြိုကွဲခြင်းမရှိအောင် အစည်းအဝေးကြီးများဖြင့် ထိန်းကျောင်း ချီတက် ဆက်လက်လှုပ်ရှားနေသည့် မျက်မှောက် ခေတ်ကာလကို တွေ့ရမည်ဖြစ်သည်။ ထို မျက် မှောက် ခေတ် ကာလ၏ သက်တမ်းသည် ၁၂၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈— ရက်မှ စ၍ ယနေ့တိုင်အောင်ပင်ဖြစ်သည်။

(မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အလုပ်အမှုဆောင် အဖွဲ့မှ ထုတ်ဝေသော သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီး (၁၁) ခုမှ ဆုံးဖြတ် ချက်များ စာတမ်း၏ နိဒါန်းမှ ကောက်နုတ်ဖော်ပြချက်။)

× × ×

## ရွှေကျင်နိကာယကြီး၏ လက်ရှိ ဥက္ကဋ္ဌ-ဥပဥက္ကဋ္ဌ မဟာနာယက ဆရာတော်ကြီးများ

### (၁) ရွှေကျင် နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် အဂ္ဂမဟာ ပဏ္ဍိတ သက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇောတ ယာဘိဝံသ (သက်တော်—၉၅၊ သိက္ခာတော်—၇၅)

(ဒုတိယအကြိမ်)

(၂) ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယက

၁။ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး၊ အဘိဓဇ မဟာရဋ္ဌဂုရု ရွှေဟင်္သာတိုက်သစ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍိတသိရီ၊

(သက်တော် ၈၇၊ သိက္ခာတော် ၆၇)

၂။ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ပိုက်ကျုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ၊

(သက်တော် ၇၉၊ သိက္ခာတော် ၅၉)

၃။ ပြည်မြို့ နဝင်ရပ် အဂ္ဂမဟာပဏ္ဍိတ ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ၊

(သက်တော် ၇၉၊ သိက္ခာတော် ၅၉)

၄။ ညောင်တုန်းမြို့ အဂ္ဂမဟာပဏ္ဍိတ ရွှေဟင်္သာ တောရတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလ

(သက်တော် ၇၇၊ သိက္ခာတော် ၅၇)

× × ×

၁၃၄၂ ခုနှစ်၊ ဝါဆိုသံဃာ စာရင်းချုပ်အရ၊ တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ရွှေကျင်ဂိုဏ်းဝင်ကျောင်းပေါင်း ၂၃၃၉ ကျောင်းနှင့် ရွှေကျင်ဂိုဏ်းဝင် ရဟန်းသာမဏေ နှစ်ရပ်ပေါင်း သံဃာ ၁၉၉၂၄ ပါး ရှိကြောင်း သိရပါသည်။

(ရွှေကျင်နိကာယ ဒုတိယအကြိမ်မြောက် ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးပွဲကြီး မှတ်တမ်းမှ ရှေ့သည်။)

* * *

(ဒုတိယအကြိမ်)



ဒွါရဂိုဏ်းကြီးကို
ဦးစွ ။ထမ စဘင်ဘည့်လောင်တော်မူသော
အုဂ်ဖိုရ် ဆရာတော်ဘုရားကြီး၏ ပုံတော်
(၁၁၇၉- ၁၂၆၇-ခုနှစ်)

# (၃)

# ဓမ္မာနု ဓမ္မမဟာဒွါရ နိကာယဂိုဏ်း

၃။ ဓမ္မာနု ဓမ္မမဟာဒွါရ နိကာယ။ ။ဓမ္မာနု ဓမ္မ တရားနှင့် လျော်ညီစွာ၊ မဟာ များစွာကုန်သော၊ ဒွါရ (ဒွါရဝါဒီ) ဒွါရဖြင့် ရှိခိုးကန်တော့ခြင်း စသည်တို့ကို ဖော်ထုတ်ဟောကြား ကြသည့် ရဟန်းသံဃာပုဂ္ဂိုလ်တို့၏၊ နိကာယ အစုအပေါင်း ဟူ၍ အဓိပ္ပာယ်ရသည်။

အုဂ်ဖိုဂ်ဆရာတော်။ ။ဒွါရဂိုဏ်းကြီးကို အုဂ်ဖိုဂ်ဆရာတော် ဘုရားကြီးသည် အစဦးစွာ တည်ထောင်ပြုစုတော်မူပါသည်။ အုဂ်ဖိုဂ်ဆရာတော်ဘုရားကြီးကား မြန်မာနိုင်ငံတော် အောက်ပိုင်း သာရဝေါမြို့ ရွာကလေးရွာတွင် အဖ ဦးအောင်မင်း၊ အမိ ဒေါ်လေး တို့မှ ၁၁၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်မည် ဦးညွှင်း ဖြစ် သည်။

အရွယ်ရောက်လျှင် ဆင်ဖြူကျွန်း ဆရာတော် ဘုရားကြီး ဦးဇော်ဂျီထံ၌ ရှင်သာမဏေပြုသည်။ ဘွဲ့အမည် ရှင်ဥက္ကံသ မာလာ။ အသက် ၂၀ ပြည့်သော အခါ သီရိဂုဏာလင်္ကာရ

(ဒုတိယအကြိမ်)

မဟာဓမ္မရာဇာဓိရာဇဂုရု မန်ကျည်းတော ဆရာတော်ဘုရားကြီး ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ် ခံယူသည်။ ရဟန်း သိက္ခာ လေးဝါရရှိသောအခါ ဆရာရှင်တို့ကိုယ်တိုင် ခေါင်းဆောင်၍ အမရပူရမြို့ ဗားကရာ သာသနာပိုင် ဆရာတော် ဘုရားကြီး အထံ၌ ကိုယ်တော်တိုင် စာပေပို့ချပေးတော်မူရန် အပ်နှံဆောင် နှင်းကြကုန်သည်။ ဗားကရာ သာသနာပိုင် ဆရာတော် ဘုရား ကြီးသည် စာဆိုအဖြစ်ထားရှိ၍ ၇ နှစ် တိုင်တိုင် ကိုယ်တော်တိုင် စာပေကျမ်းဂန်တို့ကို သင်ကြားပေးတော်မူသည်။ သမ္ဘာရသျှံ မည်သော ဗြဟ္မဏဆရာကြီးထံ၌လည်း သက္ကဋစာပေကို သင်ယူ သည်။ ထိုနောက် မြသိန်းတန် ဆရာတော်ဘုရားကြီး၊ စစ်ကိုင်း မြို့ ထူပါရုံ ဆရာတော်ဘုရားကြီးတို့ထံ၌ စာပေကျမ်းဂန်တို့ ဆက်လက်သင်ယူသည်။ ထိုနောက် အင်းဝမြို့ လက်ဆောင်ယူမ လယ်တောရ ဆရာတော်ဘုရားကြီး အရှင်ဥတ္တမထံ၌ ပဋ္ဌိပတ္တိ နည်းများကို ကောင်းစွာနာယူလေ့လာပြီးလျှင် ၁၂၁၃ ခုနှစ် ၌ အောက်သို့ စုန်ဆင်းတော်မူခဲ့လေသည်။ ၁၂၁၄ ခုနှစ်တွင် အုဂ်ဖိုရ်မြို့ (ယခု အင်းပူ) မင်္ဂလာကန်ကုန်းတိုက် မဟာဝေယန် ဘုံသာ ကျောင်းတော်ကို အလှူခံတော်မူ၍ စာပေပို့ချကာ နေတော်မူသည်။ ထိုအခါမှစ၍ အုဂ်ဖိုရ်ဆရာတော်ဟု ထင်ရှား ကျော်ဇောတော်မူသည်။

ဂိုဏ်းအသီးအခြားပြုခြင်း။ ။ဥပုသ်နေ့တော်နေ့၌ ဆရာတော် ဘုရားကြီးသည် ကိစ္စတစ်ခုကြောင့် ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့၏ ကျောင်းသို့ ကြွသွားရာ၊ ဂါမခေတ်နှင့် အမြဲတံတားဆက်ထား ၍ သမ္မန္နဒေါသဖြစ်နေသော ဥဒကုက္ခေပသိမ်၌ ဥပုသ်ပြုနေကြ

(ဒုတိယအကြိမ်)

သည်ကို တွေ့မြင်ရသည်။ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့က ဥပုသ် ပြုရန် ခေါ်သော်လည်း မပြုချေ။ အဘယ်ကြောင့် ဥပုသ် မပြု သနည်းဟု မေးသောအခါ ဥဒကုက္ခေပ သိမ်နှင့် ဂါမခေတ် မဆက် စပ် ကောင်း၊ ဆက်စပ်လျှင် ကံပျက်သည်၊ ကံပြုသည် မမည်။ ထို့ကြောင့် မပြုသည်ဟု လျှောက်ရာ ဂိုဏ်းအုပ် ဂိုဏ်း ထောက်တို့က ဆက်စပ်ကောင်းသည်၊ ဝဂ်မဖြစ် ကံမပျက်ဟု မလိုက်မနာ ဇွတ်အတင်း ငြင်းကြသောကြောင့် ဆရာတော် ဘုရားကြီးက "ယင်းသို့ဖြစ်လျှင် အရှင်ဘုရားတို့လည်း အသီး အခြား ကံပြုပါကုန်။ တပည့်တော်လည်း အသီးအခြား ကံပြု ပါတော့အံ့ဟု" ပြောဆို၍ ဂိုဏ်းအသီးအခြား ပြုတော်မူသည်။ ဤသို့လျှင် ဥဒကုက္ခေပသိမ်နှင့် ဂါမခေတ်စပ်လျှင် သမ္မန္ဓဒေါသ ဖြစ်၊ မဖြစ်၊ ကံပျက် မပျက် ဟူသော ဝိနည်းကံ အရေးအခင်း ကြောင့် ဂိုဏ်း သီးသီး ခြားခြား ဖြစ် ပေါ် လာ ရ သည်။ သို့သော် ထိုစဉ်က ဒွါရဂိုဏ်းဟု အမည်မရသေးချေ။

ဒွါရနှင့်ကံ။ ။အုဂ်ဖိုရ် ဆရာတော်ဘုရားကြီးသည် ရှေးဆရာ ကပင် ဒွါရသုံးပါး (ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ) ဖြင့် ရှိခိုး ကန်တော့ကြရန် ဟောပြောခဲ့ယင်း ဖြစ် သော ကြောင့် တပည့် ဒါယကာ ဒါယိကာမတို့သည် ဒွါရ သုံးပါးဖြင့် ရှိခိုး ကန်တော့ကြကုန်သည်။ ၁၂၁၇ ခုနှစ်တွင် အုဂ်ဖိုရ်မြို့ ရွှေဆံ တော် စေတီတော် အရှေ့အတွင်း ဇရပ်တစ်ဆောင်၌ ဥပုသ် သည် အချို့က ဒွါရဖြင့် ရှိခိုးခြင်းမှန်သည်၊ အချို့က ကံဖြင့် ရှိခိုးခြင်း မှန်သည်ဟု အငြင်းအခုံ ဝိဝါဒ ဖြစ်ပွားကြသည်။ အုဂ်ဖိုရ် ဆရာတော်ဘုရားကြီးထံ အဆုံး အဖြတ် ခံယူကြရာ အင်္ဂုတ္တိုရ် ပါဠိတော်ကို ကိုးကား၍ ဒွါရဖြင့် ရှိခိုးခြင်းသာ

မှန်ကန်ကြောင်း ဆုံးဖြတ် မိန့်ကြားတော်မူသည်။ မကျေနပ်သူ အချို့ ဒါယကာတို့က အုဂ်ဖိုရ်မြို့ ဝါဆိုကျောင်း၌ ခေတ္တ သီတင်းသုံးနေသော ဇိနတ္တပကာသနီကျမ်းပြု ကျီးသဲလေးထပ် ဆရာတော်ထံ အဆုံးအဖြတ်ခံယူကြပြန်ရာ "နတ္ထာတိ ကာယ ကမ္မံ ဝစီကမ္မံ မနောကမ္မံ သဗ္ဗံ ဝါတေဟိ တိဘိကမ္မေဟိ" နမသ္မိ တွာ" ဟူသော ပါဠိကို ကာရိကာဌ ကာပါဌ၌ လုပ်ပြု ကိုးကား၍ "ကံ" ဖြင့် ရှိခိုး ကန်တော့သင့်ကြောင်း ဆုံးဖြတ်ပြန်သည်။ ထိုအခါမှစ၍ အုဂ်ဖိုရ် ဆရာတော်ကို "ဒွါရဝါဒီ"။ ကျီးသဲ လေးထပ် ဆရာတော်နှင့် ပက္ခဘူပုဂ္ဂိုလ်တို့ကို "ကမ္မဝါဒီ" ဟု အများက ခေါ်ဝေါ် သမုတ် ကြသောကြောင့် "ဒွါရဝါဒီ ဂိုဏ်း" ဟု အမည်ပညတ် ပေါ်ပေါက်လာလေသည်။

ဥဒကုက္ခေပ (ရေ) သိမ်နှင့် ဂါမခေတ် (ရွာမြေ) ဆက်စ လျှင် သမ္ဘိန္နဒေါသ (ဆက်စပ်ခြင်းအပြစ်) ဖြစ်သည်။ မဖြစ် သည် ကံပျက်သည် မပျက်သည် ဟူသော ဝိနည်း အရေးအခင်း ကြောင့် ဂိုဏ်းသီးခြား တည်ထောင်တော်မူသည်။ အချို့တို့ ကား ဤသည်တို့ကို မသိကြကုန်၍ ဒွါရဖြင့် ရှိခိုးခြင်း အယူဝါဒ ကြောင့် ဒွါရဂိုဏ်းကို တည်ထောင် ပလေသည်ဟု အမည်နာမ အသံမျှကိုသာ စွဲဆိုကြကာ ထင်မှတ်ကြကုန်သည်။

အုဂ်ဖိုရ် ဆရာတော်ဘုရားကြီးသည် ၁၂၁၄ ခုနှစ်မှ စ၍ ၅၃ နှစ် တိုင်တိုင် ဒွါရဂိုဏ်း သာသနာကို တစထက် တစ ထွန်းကား တောက်ပစေပြီးလျှင် ၁၂၆၇ ခုနှစ်၊ တပေါင်း လဆုတ် ၂ ရက်နေ့တွင် (သက်တော် ၈၈၊ သိက္ခာတော် ၆၈) တွင် ဘဝနတ်ထံ စံမြန်း ခိုလှုံတော်မူသည်။

(ဒုတိယအကြိမ်)

မဟာဒွါရနိကာယ အမည်တပ်ခြင်း။ ။ ၁၂၆၇ - ခုနှစ်မှ ၁၂၇၀ ပြည့်နှစ် အထိ၊ ၁၃ နှစ် တိုင် တိုင် သီးသီး ခြားခြား သာသနာပိုင် မဟာနာယကကို မတင် မြှောက်ကြပဲ တပည့်ကြီး များ ဖြစ်ကြကုန်သော ဆရာတော်ဘုရားကြီး အသီးသီးတို့သည် မိမိတို့နှင့် နီးစပ်ရာ ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့ကို ဆုံးမ ဩဝါဒ ပေး၍ ထိန်းသိမ်းအုပ်ချုပ်တော်မူကြကုန်သည်။

၁၂၇၀ ပြည့်နှစ် ရောက်မှ ဒွါရဂိုဏ်း အရှင်သူမြတ်တို့သည် အစည်းအဝေးညီညွတ်နိုင်းတိုင်ပင်ကြကာ ဟင်္သာတမြို့ ရန်ကုန် ကျောင်းတိုက်ဆရာတော်ဘုရားကြီးကို ဒုတိယမြောက်သာသနာ ပိုင် မဟာနာယကအဖြစ် တင်မြှောက်ကြလျက်၊ ဒွါရဂိုဏ်းကြီး ကိုလည်း ဓမ္မာနုဓမ္မမဟာဒွါရနိကာယ ဟူ၍ အမည်တံဆိပ် သတ် မှတ်ခတ်နှိပ်ခြင်း ကို ပြုကြကုန်သည်။ ထို ရန်ကုန်ကျောင်းတိုက် သိရိမာလာ ဘိဝံ ကဝိန္ဒာ ဓိပတိ ဓမ္မဝံသ သေနာပတိ ဂဏိဿရ မဟာနာယကဂုရု (သံဃဒတ္တိယ) ဒုတိယမြောက် သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ၁၂၇၀ ပြည့်နှစ်မှ ၁၂၇၃ ခုနှစ် အထိ စီမံထိန်းသိမ်း ကွပ်ကဲအုပ်ချုပ်တော်မူသည်။ ထိုနောက် တွင်ကား—

၁၂၇၄ ခုနှစ်မှ ၁၂၉၇ ခုနှစ်အထိ၊ ဇလွန်မြို့ မဟာနာဂဝံသ ကျောင်းတိုက် သိရိစန္ဒာ ဇောတဓဇသာဘ ကဝိဓဇ ဝံပိဋက ဉာဏာလင်္ကာရ မဟာနာယကဂုရု ဆရာတော်ဘုရားကြီးသည် လည်းကောင်း၊

၁၂၉၈ ခုနှစ်မှ ၁၃၀၃ ခုနှစ်အထိ၊ ဟင်္သာတမြို့ လယ်တီ ကျောင်းတိုက် သိရိရာဇိန္ဒ အာဘုလာ ဓိပတိ ကဝိဇေဝိဇယ ဉာဏ

(ဒုဘိယအကြိမ်)

သဒ္ဓမ္မသေနာပတိ ဂဏဝိသာရမဟာနာယကဂုရု အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးသည်လည်းကောင်း၊

၁၃၀၄ ခုနှစ်မှ ၁၃၁၈ ခုနှစ်အထိ၊ ဟင်္သာတမြို့ ဘုရားကြီး ကျောင်းတိုက် ဘဒ္ဒန္တစာရိန္ဒာဘိဝံသ တိပိဋက မဟာဓမ္မသေနာပတိ ဂဏာဓိဂဏဂုရု အဂ္ဂမဟာပဏ္ဍိတအဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ဘုရားကြီးသည်လည်းကောင်း၊

၁၃၁၈ ခုနှစ်မှ ၁၃၂၄ခုနှစ် အထိ ဟင်္သာတမြို့ ရေတံခွန် ကျောင်းတိုက် သီရိကေလာသဝံသ တိပိဋက ဓရ ဓမ္မ သေနာပတိ မဟာနာယက ဂုရု အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး သည် လည်းကောင်း၊

၁၃၂၄ ခုနှစ်မှ ၁၃၃၄ ခုနှစ် အထိ ဟင်္သာတမြို့ ရေတံခွန် ကျောင်းတိုက် ဘဒ္ဒန္တ စန္ဒသိရီ တိပိဋကဓရ ဓမ္မ သေနာပတိ မဟာနာယကဂုရုဆရာတော်ဘုရားကြီးသည်လည်းကောင်း၊

၁၃၃၄ခုနှစ်မှ ၁၃၃၉ခုနှစ် အထိ ဟင်္သာတမြို့ သပြေပင် ကျောင်းတိုက် ဘဒ္ဒန္တ သောဘန ပိဋကတ္တယ ဆောက ဓမ္မသေနာ ပတိ မဟာနာယကဂုရု အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး သည် လည်းကောင်း၊

၁၃၃၄ခုနှစ်မှစ၍ယနေ့တိုင်ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် လင်းလွန်းပင် ကျောင်းတိုက် ဘဒ္ဒန္တ ဝါသုဒေဝ ပိဋကတ္တယ ဆောက ဓမ္မ သေနာပတိ မဟာ နာယက ဂုရု (သံဃဒုတိယ) နဝမမြောက် သာသနာပိုင်အဖြစ်ဖြင့်လည်းကောင်း၊ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်းကြီးကို စဉ်လာမပျက် ဆက်လက်ကွပ်ကဲ

(ဒုတိယအကြိမ်)

ထိန်းသိမ်းအုပ်ချုပ်တော်မူခဲ့ကြပါသည်။ နဝမမြောက်သာသနာပိုင် လင်းလွန်းပင် ဆရာတော်ဘုရားကြီးသည် ၁၂၅၃ ခုနှစ်၊ ပ-ဝါဆိုလဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့၌ ဖွားမြင်တော်မူရကား၊ သက်တော် ၉၀-နှစ်၊ သိက္ခာတော် ၇၀-ဝါ ရှိတော်မူပြီ ဖြစ်၍။

(ရန်ကုန်မြို့ ဗားဂရာတိုက် မဂ်သာဇေယျုံကျောင်း ဆရာတော် ဦးဝိဇ္ဇောဒယာဘိဝံသ (ပဋ္ဌမကျော်-ဓမ္မာစရိယ) ထံမှ ကျေးဇူးပြုသည်။)

× × ×

# (၄)

# ဓမ္မဝိနယာနုလောမ မူလဒွါရ နိကာယဂိုဏ်း

၄။ ဓမ္မဝိနယာနုလောမ မူလဒွါရ နိကာယ။ ။ဓမ္မဝိနယာနုလောမဆိုသည်မှာ ဓမ္မဝိနယအား လျော်သောဟု ဆိုလိုသည်။ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဆိုသည်မှာ ဓမ္မဝိနယအား လျော်စွာကျင့်ကြံအားထုတ်သော မူလဒွါရဂိုဏ်းဟု ဆိုသည်။

၁၂၁၇ခုနှစ်။ ။ရှေ့ပိုင်း ကာလတွင် မြန်မာပြည် အောက်ပိုင်း၌ သာသနာတော်၌ ရွှေငွေ ခံယူ သိမ်းဆည်းသော ရဟန်း၊ ရွှေဖြစ်-ငွေဖြစ် အင်္ဂယတ် ရဟန်း၊ နွားကျွဲ ယာဉ်စီး ရဟန်း၊ လှေပွဲနွားပွဲကျွဲပွဲလောင်းကစားရဟန်း၊ သေရည်သေရက်သောက် ရဟန်း၊ ကုန်သည် ရဟန်း စသည် ကုလ ူသက—အနေသန ရဟန်းတို့ဖြင့် ပြိုးပြွမ်းလျက် ရှိကြကုန်သည်။ တဖန် မင်းဘုန်းမင်း၏ ဓမ္မဝိနယအာဏာစက်ကြောင့် အောက်အ ပ်သို့ ပြေးလွှား ပုန်းအောင်း လာကြကုန်သော ရဟန်းတို့ဖြင့် ပူးခေါင်း

(ဒုတိယအကြိမ်)

ရောနှော၍ သာသနာ့အညစ်အကြေးတို့ များစွာ ဖြစ်ပေါ်လာသည်။ ထိုအခိုက် ဥဒကက္ခေပ—ဂါမ သိမ်နှင်ချက် ရောစပ်မှုနှင့် ပတ်သက်၍ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးက အလယ်တံတားကို ဖျက်သိမ်းရမည်။ တဖက်မှ မရုပ်သိမ်းလည်း ကံမပျက် ဟူသော ဝါဒနှစ်ဖက်ကြောင့် ကွဲပြားခြင်း ဖြစ်ရသည်။ တဖန် အုဂ်ဖိုရ် ဆရာတော်ကြီးက ရှေးကပင် ဒွါရဝန္ဒနာသည်သာ အမှန်ဟု ဟောပြောတော်မူခဲ့ဘူးသည်။ ကွဲပြားသောအခါ ထိုဒွါရဝန္ဒနာ ဟောပြောမှုကို အစွဲပြု၍ ဒွါရဂိုဏ်းဟု ခေါ်တွင်လာသည်။ မင်းတုန်းမင်းလက်ထက် ၁၂၁၇ ခုနှစ်၌ ဒွါရဂိုဏ်း ပေါ်ပေါက်သည်။

အုဂ်ဖိုရ် ဆရာတော် ဘုရားကြီး ပျံလွန်တော်မူသည့်အခါ ဟင်္သာတမြို့ပေါ်ရှိ ဒွါရဝါဒီ ဆရာတော်ဘုရားကြီးတို့ကတဖက်၊ ဟင်္သာတမြို့နယ် အင်္ဂပူမြို့ရှိ အင်္ဂပူမြို့ အင်္ဂပူဆရာတော်ကြီးနှင့် တပည့်တင်စုတို့ကတဖက် ပုဂ္ဂိုလ်ရေးရာ ကွဲပြားမှု၊ ဓမ္မရေးရာ ကွဲပြားမှုတို့ ဖြစ်ပေါ်လာသည်။ ဟင်္သာတမြို့ပေါ် ဆရာတော်ကြီးတို့က ဂိုဏ်းဂဏစည်းရုံးမှုကိုအကြောင်းပြု၍သံဃာသဘင်ကြီး ဖိတ်ခေါ်ကျင်းပကြ၍ မဟာဒွါရ နိကာယဟု အမည်ပေးလေသည်။ ထိုအခါ အင်္ဂပူ ဆရာတော်ကြီးက သံဃာသဘင် မဖိတ်မခေါ် မိမိ၏အစုအသင်း ကို မူလဒွါရနိကာယဟု အမည်ပေးလေသည်။

မူလဒွါရ နိကာယ၏ ထူးခြားချက် တစ်ရပ်မှာ အုဂ်ဖိုရ် ဆရာတော်ကြီး၏ သသင်္ကကုန်း၌ စာတမ်းအရ ဝါဆို ဝါကပ် ဥပုသ်—ပဝါရဏာ ပြုတော်မူကြခြင်းပင် ဖြစ်ပါသည်။ မူလဒွါရ ဂိုဏ်းသားတို့သည် လပြည့်ကျော် ၁—ရက်၊ လဆန်း ၁ ရက် တို့၌

(ဒုတိယအကြိမ်)

ဥပုသ်ပြု-ဝါကပ်တော်မူကြသည်။ ပြက္ခဒိန်၌ သတ်မှတ်ထားအပ်သော ရက်များသည် မှားယွင်းသည်ဟုဆိုကာ အခြားဂိုဏ်းဂဏများနှင့်မတူ သီးခြားလိုက်နာကျင့်သုံးတော်မူကြသည်။

## မူလဒွါရမဟာနာယကဆရာတော်ကြီးများ

ပထမ မဟာနာယက— အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး (၁၁၇၉-၁၂၆၇)

ဒုတိယမြောက် မဟာနာယက— လက်ပံတန်းမြို့ မဟာဗောဓိဝန်ဆရာတော်ဘုရားကြီး(၁၁၉၀—၁၂၇၄)

တတိယမြောက်မဟာနာယက—ပုသိမ်မြို့ မိဂဒါဝုန်ဆရာတော်ဘုရာ ကြီး (၁၁၉၉—၁၂ဂ၃)

စတုတ္ထ ထိန်တောမြို့ ရွာမကျောင်း ဆရာတော် ဘုရားကြီး (၁၂၀၀—၁၂၉၃)

ပဥ္စမ အင်္ဂပူမြို့ အင်္ဂပူကျောင်း ဆရာတော်ဘုရား(၁၂၁၄ ၁၃၀၃)

ဆဋ္ဌမ ပန်းတောင်းဆရာတော်ဘုရားနှင့် ဆရာတော် ဘုရားကြီး လေးပါးတို့ ပူးတွဲအုပ်ချုပ်သည်။

သတ္တမ ပြည်မြို့ ကန်တွင်း ဆရာတော်ဘုရားနှင့် ဆရာတော် ဘုရားကြီး ၉—ပါးတို့ ပူးတွဲ အုပ်ချုပ်သည်။ သတ္တမ နောက်ဆုံး မဟာ နာယကဖြစ်သော အင်္ဂပူမြို့ ဓုသုခ ဆရာတော် ဘုရားကြီး ပျံလွန်တော် မူသောအခါ—

(ဒုတိယအကြိမ်)

အဌမ ယခု ဟံသာတမြို့ ချမ်းသာကြီးကျောင်း ဆရာတော်ဘုရားကြီးက ဆက်လက် အုပ်ချုပ်တော်မူသည်။ ထိုဆရာတော် ဘုရားကြီးနှင့်အတူ မဟာ နာယကအဖြစ် ဆရာတော်ကြီး ၁၅–ပါးက ပူးတွဲ အုပ်ချုပ်လျက် ရှိကြသည်။

လက်ရှိ မဟာ နာယက ဆရာတော် ဘုရား ကြီး သည် ၁၂၅၇–ခုဖွား၊ ယခု သက်တော် ၈၆–နှစ်၊ သိက္ခာတော် ၆၆–ဝါ၊ ဟံသာတမြို့ ရွှေ ပြောင် ပြောင် ရပ်၊ ချမ်းသာကြီးကျောင်း၌ သီတင်းသုံးလျက် ရှိသည်။ ဂိုဏ်း၏ တာဝန်ခံ (မဟာ နာယက၏ လက်ထောက် တာဝန်ခံ)တို့မှာ ရန်ကုန်မြို့ စမ်းချောင်းရပ်၊ မဟာရာဇိကာရုမ်တိုက်၊ ဆရာတော် ဘုရားကြီး ဦးဒေဝိန္ဒက (၇၈) နှင့် ပဲခူးတိုင်း မင်းလှမြို့ မြို့တွင်း ဆုတောင်းပြည့်တိုက်၊ ဆရာတော် ဦးဥက္ကာစာရ (၇၅) တို့ ဖြစ်တော်မူကြပါသည်။

(ပြည်မြို့ ကန်တွင်း ဆုတောင်းပြည့် ကျောင်းတိုက်၊ ဆရာတော် ဦးဓမ္မာဘိဝရ (ဓမ္မာစရိယ) ထံမှ ကျေးဇူးပြုသည်)

× × ×

# (၅)

# အနောက်ချောင်း ဒွါရဂိုဏ်း

၅။ အနောက်ချောင်း ဒွါရဂိုဏ်း။ ။ဒွါရဝါဒီ ဂိုဏ်းကြီး၏ ဦးစီးနာယက ဂဏာဓိပတိ၊ ဂဏသမုဋ္ဌာပက၊ အာဒိကမ္မိက ပုဂ္ဂလဝိသေသဖြစ်တော်မူသော အုဂ်ဖိုရ် ဆရာတော် ဘုရားကြီး သည်ပင်လျှင် အနောက်ချောင်း ဒွါရဂိုဏ်း၏ မူလ ပင်ရင်း ပဓာန ဖြစ်တော်မူပါသည်။ မြစ်ဝကျွန်းပေါ် ဒေသတွင် ဟင်္သာတမြို့အထက်မှ စတင်ခွဲထွက်၍ ပုသိမ်မြို့အောက် ပင်လယ် အထိ စီးဆင်းသော ငရုဝတီမြစ်ခွဲတခုကို ပုသိမ်မြစ်ဟူ၍လည်း ကောင်း၊ ငဝန်မြစ်ဟူ၍ လည်းကောင်း ခေါ်တွင်သည်။ ငရု ဝတီမြစ်ခွဲတို့တွင် အနောက်ဖက် အကျဆုံး မြစ်ခွဲ ဖြစ်သဖြင့် ထိုမြစ်ရိုးတလျှောက်ကို အနောက်ချောင်း ဟူ၍လည်း ခေါ် ဝေါ် သိမှတ်ကြသည်။ ထိုအနောက်ချောင်း ဒေသကို စွဲ၍ ထိုဒေသရှိ အုဂ်ဖိုရ် ဆရာတော်ဘုရားကြီး၏ ဒွါရဝါဒီတူညီသည့် သံဃာတော်များ အဖွဲ့ အစည်းကိုလည်း အနောက်ချောင်း ဒွါရဂိုဏ်းဟူ၍ ခေါ်တွင်လေသည်။

(ဒုတိယအကြိမ်)

အုဂ်ဖိုရ်ဲ ဆရာတော် ဘုရားကြီး ထေရဝါဒဒွါရ သာသနာတော်ကို စတင်တည်ထောင်တော်မူလျက် ဝေနံမြစ်ခေါ် အနောက်ချောင်းတလျှောက် လေးမျက်နှာ၊ ငါးသိုင်းချောင်း၊ ပုသိမ်မြို့တိုင်အောင် ကြွချီလှည့်လည်၍ ဒွါရ သာသနာကို ပြန့်ပွားစေခဲ့ပါသည်။ ထိုစဉ်အခါ ငါးသိုင်းချောင်းမြို့နယ် ဝေနံမြစ်(အနောက်ချောင်း) ဝန်းကျင်ဒေသ၌ သီတင်း သုံးတော်မူကြသော ဆရာတော်ဘုရားကြီး (၆) ပါး နှင့်တကွ တပည့်သံဃာအပေါင်းတို့သည် အုဂ်ဖိုရ်ဲဆရာတော် ဘုရားကြီး၏ ထေရဝါဒဒွါရသာသနာတော်ကို လွန်စွာ နှစ်သက်တော်မူကြသဖြင့် သမဂ္ဂ သဒ္ဓမာခေန ညီမျှစွာရှိကြသည် အလျောက် ဆရာတော် ဘုရားကြီး၏ ဩဝါဒကို ခံယူကြလေသည်။

ဝိနယဂရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ ဖြစ်တော်မူကြသော ထို ဆရာတော်ကြီး ၆—ပါးတို့ကား—

၁။ ရေကြည်မြို့ရိုး ဆရာတော် ဘုရားကြီး အရှင်ကေသရ၊
၂။ ကွင်လျားဆရာတော်ဘုရားကြီး အရှင်သီလဝံသ၊
၃။ ငါးသိုင်းချောင်းမြို့ ကျောင်းကြီး ဆရာတော် ဘုရားကြီး အရှင်ကလျာဏ၊
၄။ မပဲဇလီ ဆရာတော်ဘုရားကြီး အရှင်ဓမ္မစာရီ၊
၅။ အသက်မြို့ ဒက္ခိဏာပျ ဆရာတော်ဘုရားကြီး အရှင်နန္ဒိယ၊
၆။ ကျောက်ချောင်းရွာ ရွှေရောင်ပြ ဆရာတော် ဘုရားကြီး အရှင်နန္ဒိမာ၊

အရှင်သူမြတ်တို့ ဖြစ်ကြပါသည်။

အနောက်ချောင်း ဒွါရဝါဒီ ဆရာတော်များသည် ဩဝါဒ အဆုံးအမ ပေးတော်မူသော အာဒိကမ္မိက ကျေးဇူးရှင် အုဂ်ဖိုရ် ဆရာတော် ဘုရားကြီး၏ ဒွါရဝါဒီကို အကြောင်းပြု၍ လည်းကောင်း၊ ငါးသိုင်းချောင်းမြို့နယ် ငန်မြဲ အနောက် ချောင်း ကမ်းခြေပတ်ဝန်းကျင်၌ ဒွါရဝါဒီ သံဃာတော်များ ကို "အနောက်ချောင်း ဒွါရဂိုဏ်း" ဟု စတင်သတ်မှတ်ခေါ် တွင်ကြခြင်း ဖြစ်ပါသည်။

အနောက်ချောင်း ဒွါရဂိုဏ်း ဖြစ်ပေါ် လာပြီးနောက် မကြာမီကာလအတွင်း ငါးသိုင်းချောင်းမြို့ပေါ်ရှိ ဒွါဝါရဒီ ဂိုဏ်းဝင် ကျောင်းတကျောင်း တွင် ကျောင်းနေ ရဟန်းတပါး ကို အကြောင်းပြုပြီး အာပတ္တာဓိကရဏ်း မှုခင်းကိစ္စတရပ် ဖြစ် ပေါ်ခဲ့သည်။ ယင်းမှုခင်းကိစ္စကို အုဂ်ဖိုရ် ဆရာတော်ဘုရားကြီး ကိုယ်တိုင် ကြွရောက်၍ ဝိနိစ္ဆယ အဆုံးအဖြတ် ပြုတော်မူပါ သည်။ ထို ဝိနိစ္ဆယကို အကြောင်းပြု၍ အနောက်ချောင်း ဒွါရဂိုဏ်း သံဃာများ မညီ မညွတ်ဖြစ်ကြကာ ဝိနယဂရုက ဖြစ်တော်မူကြသော အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ အာဒိကမ္မိက ဆရာတော် (၆) ပါးနှင့် အနောက်ချောင်း ဒွါရဝါဒီ အချို့သံဃာတော်များက တပက္ခ၊ ဩဝါဒပေး တော်မူသော အုဂ်ဖိုရ် ဆရာတော် ဘုရားကြီးနှင့် အနောက် ချောင်း ဒွါရဝါဒီ အချို့ သံဃာတော်များက တပက္ခ၊ အားဖြင့် အနောက်ချောင်း ဒွါရဂိုဏ်း နှစ်ပက္ခ ကွဲကြပါ သည်။ ထိုတွင် ဆရာတော် (၆) ပါး ဦးဆောင်ကွဲသော အနောက်ချောင်း ဒွါရဂိုဏ်း ဒွါရဝါဒီ သံဃာပက္ခကို အနောက်ချောင်း ဒွါရ ၆–ပါးဂိုဏ်း ဟူ၍ ခေါ်တွင်ပြီးလျှင်

(ဒုတိယအကြိမ်)

ကျန် အနောက်ချောင်း ဒွါရ ဝါဒီဂိုဏ်း သံဃာနှင့် ပစ္စယ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ မရောယှက်ဘဲ ဆရာစဉ်ဆက် တပည့် စဉ်ဆက် ဒွါရသာသနာကို ဆက်လက် ဆောင်ရွက်တော်မူလာခဲ့ ကြသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ကာလက ဆရာတော်ကြီး ၆–ပါး ဦးဆောင်တော်မူခဲ့သော အနောက်ချောင်း ဒွါရ (၆) ပါး ဂိုဏ်းအတွင်း၌ စာပေကျမ်းပေါက် ဇာနည်မြောက်တော်မူကြ သည့် (၁) ကျုံ့ပျော်မြို့ ဝေဠုဝန်တိုက်ဆရာတော် ဦးပညာ ဗလ၊ (၂) ငါးသိုင်းချောင်းမြို့ ဘုရားကြီးတိုက် ဆရာတော် ဦးနာဂတံသ၊ (၃) သထုံ–ပုသိမ်မြို့ သန္တာရုံတိုက် ဆရာတော် ဦးဣန္ဒြိယ၊ (၄) စစ်ကိုင်းတောင် မဟာဝိဇ္ဇောဒယ ဆရာတော် နိုင်ငံကျော် ဓမ္မကထိက ဦးပညာဝန္တ၊ (၅) မြောင်မြို့ ဇေယျမေ ဒိနီတိုက် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဦးပဏ္ဍိတ စသည့် ဆရာတော်များ ထွန်း ပေါက် တော် မူလာကြပြီးလျှင် စာသင် တိုက်ကျောင်းပေါင်း ၆၀–ကျော်၊ သံဃာတော်ပေါင်း ဂ၀၀ ကျော်အထိ တိုးတက်စည်ပင် ပြန့်ပွားလာခဲ့ပါသည်။ ထို ဆရာ တော်ကြီးများလက်ထက် ရောက်သောအချိန်၌ ရှေးဦး ဆရာ တော်ကြီး ၆-ပါးတို့ ကွယ်လွန်ပြီး ဖြစ်၍ ထိုဆရာတော်ကြီး များလက်ထက်က ခေါ်တွင်လာသော အနောက်ချောင်း ဒွါရ ၆–ပါးဂိုဏ်းအမည်မှ အနောက်ချောင်း ဒွါရဂိုဏ်း အမည်သို့ ပြောင်းလွဲဖြစ်ပေါ်လာလေသည်။

စစ်ကာလအတွင်း စစ်ဘေးဒဏ်ကိုအကြောင်းပြု၍ ကျောင်း နှင့် သံဃာတော်များလည်း ဆုတ်ယုတ်လာခဲ့ရာ၊ ယခု လက်ရှိ အကြီးအကဲ ဖြစ်တော်မူသော နာယကဆရာတော် လက်ထက်သို့

(ဒုတိယအကြိမ်)

ရောက်ရှိလာသည့် အခါကျမှ အနောက်ချောင်း ဒွါရဂိုဏ်း သံဃာတော်များ တပြည်းပြည်း ပြန်လည်စုရုံးလျက် အနောက်ချောင်း ဒွါရဂိုဏ်း အမည်ဖြင့်ပင် ဆင္ဃသင်္ဂါယနာ၊ မှော်ဘီ ဂိုဏ်းပေါင်းစုံ သံဃာ အစည်းအဝေး၊ ယခု သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး စသည်တို့သို့ တက်ရောက်က သာသနာ့ ဝန်ကို ကျေပွန်စွာ အားထုတ် ဆောင်ရွက်တော်မူလာကြပါသည်။

လက်ရှိ အနောက်ချောင်း ဒွါရဂိုဏ်း၏ အကြီးအကဲ ဂိုဏ်းချုပ်နာယက ဆရာတော်ဘုရားကြီး ဦးဓမ္မဝံသ (သက်တော် ၈၃၊ သိက္ခာတော် ၆၄—ဝါ) သည် ဧရာဝတီတိုင်း ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်း မြို့၊ ဘုရားကြီး တိုက်၌ သီတင်းသုံးတော်မူလျက် ရှိပါသည်။

(ရေကြည်မြို့နယ်၊ မြင်ဆယ်ကျေးရွာအုပ်စု၊ အင်းလျှားကျောင်း ဆရာတော် ဦးဓမ္မဝံသရ ထံမှ ကျေးဇူးပြုသည်။)

× × ×



ရွှေကျင် နိကာယ သမုဋ္ဌာပက မဟာနာယကာဓိပတိ
ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပုံတော်
(၁၂၂၇-ခုနှစ်၊ ၁၃၀၅-ခုနှစ်)

# (၆)

# ဝေဠုဝန်နိကာယဂိုဏ်း

၆။ ဝေဠုဝန်နိကာယဂိုဏ်း။ ။နောင်တွင် "ဝေဠုဝန် ဆရာတော်" ဟု ထင်ရှားကျော်ကြားတော်မူလတ်သော အရှင် ပဏ္ဍုံသထေရ်သည် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် တံတားကွင်းရွာ ဇာတိဖြစ်သည်။ ၁၂၂၇-ခုနှစ်၊ ပြာသို လပြည့်ကျော် ၁၁-ရက်၊ ကြာသပတေးနေ့တွင် ခမည်းတော် ဦးရွှေကံ၊ မယ်တော် ဒေါ်ပိုင်တို့မှ ဖွားမြင်သော သားမြတ် ရတနာတစ်ပါးဖြစ်သည်။ ၁၂-နှစ်သားအရွယ်တွင် တံတားကွင်း ရွာအရှေ့ ထူရွာကုန္ဒသာရ တောရကျောင်းကြီး ဆရာတော် ဦးတေဇထံ အပ်နှံ ပညာသင်ကြားစေလျက်၊ သာမဏေဘဝ နှင့်ပင် သဒ္ဒါကျမ်း၊ အဘိဓမ္မာကျမ်း၊ ဆန်းအလင်္ကာအဘိဓာန် ကျမ်းတို့ကို လွယ်ကူစွာ တတ်မြောက်တော်မူသည်။

၁၂၄၇-ခုနှစ်တွင် ကညင်ငူကျောင်း ခဏ္ဍသိမ်တော်ကြီး၌ ထူရွာကုန္ဒသာရ တောရကျောင်း ဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူသည်။ ရဟန်းဘဝ ရောက်တော်မူပြီးနောက် ကညင်ငူကျောင်း ဆရာတော် ဦးသြဘာသ၏ ချီးမြှောက်ထောက်ပံ့မှုကို ခံယူ

လျက် မြန်အောင်မြို့ ဂူကိုးလုံး ဆရာတော်ဘုရားကြီး ဦးနန္ဒိယ ၏ ထံတော်တွင် သင်ရိုး ပိဋကပါဠိတော်နှင့်တကွ အဋ္ဌကထာ အားလုံးကို ပြီးဆုံးအောင်မြင် သင်ယူတော်မူသည်။

ထို့နောက် မန္တလေးမြို့တော်သို့ ဆန်တက်ကာ ဆူးခါး ဆရာတော်၊ မြို့ပြင်ကြီး ဆရာတော်ဘုရားကြီးတို့၏ အထံ၌ နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာ အရပ်ရပ်တို့ကို နှံ့စပ်အောင် သင် ကြားတော် မူပါသည်။ အထူးသဖြင့် နေတ္တိနှင့် မူလဋီကာ တို့ကို တဖက်ကမ်းခပ် ကတ်မြောက်အောင် သင်ကြားတော် မူပြီးလျှင် ပြည်မြို့ ပထမ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး ဦးနာရဒထံတော်တွင် အဘိဓမ္မာကျမ်းဂန်တို့ကို ထပ်မံဆည်းပူး တော်မူပြန်ပါသည်။

၁၂၅၇ခုနှစ်၊ ရဟန်း ၁၁ ဝါအရတွင် သာယာဝတီခရိုင် သုံးဆယ်မြို့ မောင်းထောင် ထူပါရုံ ကျောင်းတိုက်၌ တပည့် ရှင်ရဟန်းတို့အား စာပေပို့ချ သင်ကြားပေးယင်း သီတင်း သုံးတော်မူသည်။ သုံးဆယ်မြို့ ကုန်သည်ကြီးဦးပြူးသည် ဆရာ တော်အရှင်ပဏ္ဍဝံသ၏ ပရိယတ္တိသုပ်ငန်းကို ကြည်ညိုလေးစား သည် အလျောက် ၁၂၅၉ ခုနှစ်၊ ရဟန်း ၁၃–ဝါ အရတွင် ရန်ကုန်မြို့ ဗဟန်းရပ်ကွက် သီလရှင်ဆရာကြီး ဒေါ်နီ၏အရံတွင် ဝါးကျောင်းများ ဆောက်လုပ်၍ စာချဆရာတော် အရှင် ပဏ္ဍဝံသအား ပင့်ဆောင် လှူဒါန်း ပူဇော်ခြင်း ပြုပါသည်။ အဆိုပါ ဝါးကျောင်းများ၌ တပည့် ရှင်ရဟန်း သံဃာ ၁၀၀ ခန့်နှင့်တကွ စာပေပို့ချ သီတင်းသုံး တော်မူသည် ကို တွေ့မြင်ကြရသော ဒကာ ဒကာမ ရှင်လူ ပရိသတ်တို့က သဒ္ဓါကြည်ညိုစိတ် ဖြစ်ကြပြီးလျှင် ဝါးကျောင်းငယ်များကို

(ဒုတိယအကြိမ်)

အပြု၍ ဝေဠုဝန်ဟု ခေါ်ဝေါ်သမုတ်ကြလျက် စာချဆရာတော် အရှင်ပဏ္ဍိဝံသထေရ်သည်လည်း ဝေဠုဝန်ဆရာတော်ဟု ထင်ရှားလာတော်မူပါသည်။

မြန်အောင်မြို့ ပထမ ဂူကိုးလုံးဆရာတော်၊ ပြည်မြို့ ပထမ ပွင့်လှသိမ်ကုန်း ဆရာတော်၊ မန္တလေးမြို့ ဆူးခါး ဆရာတော်၊ မြို့ပြင်ကြီး ဆရာတော်ဘုရားကြီးများ၏ တပည့်ရင်း ဖြစ်သော အရှင်ပဏ္ဍိဝံသမထေရ် (ဝေဠုဝန် ဆရာတော်) သည် ဗဟန်း ရပ် ဝါးကျောင်းများတွင် အခြေပြု၍ ပရိယတ္တိ လုပ်ငန်း များကို ကြိုးပမ်းဆောင်ရွက်တော် မူပြီးသည့်နောက်—

၁၂၆၀ ခုနှစ်တွင် ရန်ကုန်မြို့ အင်းလျား ဝေဠုဝန်ကျောင်း တိုက်

၁၂၇၁ ခုနှစ်တွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်

၁၂၇၆ ခုနှစ် မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်

၁၂၇၈ ခုနှစ် ကြည့်မြင်တိုင် စမ်းချောင်းဝေဠုဝန်ကျောင်း တိုက်ကြီးတို့ကို တည်ထောင်တော်မူ၍ ရှင်ရဟန်းစာသင်သား မြောက်များစွာ တို့အား ပရိယတ် ဓမ္မက္ခန် တို့ကို ကိုယ်တိုင် ကိုယ်ကျသင်ကြား ပြသ ပို့ချတော်မူကာ သာသနာပြုတော် မူခဲ့ပါသည်။

၁၂၈၁ ခုနှစ်တွင် မြန်အောင်မြို့နယ် ဘဲကြီးကုန်း အရှေ့ ကျောင်းတိုက်အတွင်း ကျင်းပ ပြုလုပ်သော ဂိုဏ်းလုံးဆိုင်ရာ စာတော်ပြန် ပွဲကြီးသို့ မြို့နယ်အသီးသီးမှ ကြွရောက်လာကြ သော သံဃာတော် ၅၀၀–ကျော်တို့ စည်းဝေးတော်မူကြလျက် ဝုစ္စတရလဇ္ဇီသူမွန် ပညဝန် ဖြစ်တော်မူသော ကျိုက်ထိုမြို့ ဘုရားကြီးကျောင်းတိုက် (တောင်တွင်းကြီးဇာတိ) ဆရာတော်

ဦးဝိသုဒ္ဓအား ဝေဠုဝန် နိကာယဂိုဏ်း၏ ဦးစီးဥက္ကဋ္ဌ ပဓာန မဟာနာယကာ ဓိပတိအဖြစ်ဖြင့် တင်မြှောက် ပူဇော်ကြပါသည်။ ဤ ပထမအကြိမ်မှစတင်၍ **ဝေဠုဝန်နိကာယ** ဟု သီးခြား ခေါ်တွင် ပေါ်လွင် ထင်ရှား လာခဲ့ ပါသည်။ ကျိုက်ထိုမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘုရားကြီးသည် ဝေဠုဝန် ဆရာတော်နှင့် ဆရာတူ တပည့် ဖြစ်တော်မူပါသည်။

၁၃၀၂ ခုနှစ်တွင် ဝေဠုဝန် နိကာယ ဂဏသမုဒ္ဒပက ပထမ ဝေဠုဝန် ဆရာတော်ဘုရားကြီး (အရှင်ပဏ္ဍဝံသ) အား ဒုတိယမြောက် ဝေဠုဝန် နိကာယ မဟာနာယကာ ဓိပတိအဖြစ်ဖြင့် လည်းကောင်း၊ ၁၃၁၅ ခုနှစ်တွင် သထုံမြို့ စန္ဒာရုံ ဆရာတော် (အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ) အား တတိယမြောက် မဟာနာယကာ ဓိပတိအဖြစ်ဖြင့် လည်းကောင်း။ ၁၃၂၅ ခုနှစ်တွင် ပုသိမ်မြို့ ဝေဠုဝန် ဆရာတော် ဘဒ္ဒန္တသာဂရအား စတုတ္ထမြောက် မဟာနာယကာ ဓိပတိအဖြစ်ဖြင့် လည်းကောင်း၊ ၁၃၃၁ ခုနှစ်တွင် ပြည်မြို့ ပွင့်လှ သိမ်ကုန်း ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တတိက္ခအား ပဉ္စမမြောက် နိကာယာဓိပတိ အဖြစ်ဖြင့် လည်းကောင်း၊ ယခု ၁၃၄၂ ခုနှစ်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မရမ်းရွာ စမ်းချောင်းတိုက်မှ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော် ဦးဝိမလာစာရမထေရ်မြတ်ကြီးအား ဆဋ္ဌမမြောက် မဟာနာယကာဓိပတိ ဝေဠုဝန် သမ္မုတိ သာသနာပိုင် တင်မြှောက်ပူဇော်ကြလျက် သြဝါဒါစရိယ ဆရာတော်များ၊ ဂဏရက္ခိတ ဆရာတော်များ၊ မဟာ

နာယက အနုနာယက ဆရာတော်များ၊ အကျိုးတော်ဆောင်စသည့် ဝန်ဆောင်တော်များဖြင့် ဝေဠုဝန် နိကာယ ဂိုဏ်းကြီးကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်တော်မူလျက် ရှိကြပါသည်။

(ရန်ကုန်မြို့ စမ်းချောင်းရပ် ဝေဠုဝန် ကျောင်းတိုက်၊ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဦးသုန္ဒရာဘိဝံသ ထံမှ ကျေးဇူးပြုသည်။)

× × ×

# (၇)

# စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း

၇။ စတုဘုမ္မိက မဟာ သတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း။ ။ ငှက်တွင်း ဆရာတော် ဦးစွာ တည်ထောင် လာခဲ့သဖြင့် "ငှက်တွင်းဂိုဏ်း"ဟူ၍ လည်းကောင်း၊ ဆရာတော်ကြီး သီတင်းသုံးရာ စစ်ကိုင်း ရွှေမင်းဝံတောင်ကို အစွဲပြုသဖြင့် "ရွှေမင်းဝံ သတိပဋ္ဌာန်ဂိုဏ်း" ဟူ၍ လည်းကောင်း၊ နောက်ပိုင်း နံ့ယော ဆရာတော် လက်ထက် စတုဘုမ္မိက မဂ္ဂင်တရားကို အခြေခံထား လျက် ဟောကြားလာခဲ့သည့်အတွက် "စတုဘုမ္မိကမဂ္ဂင် ဂိုဏ်း" ဟူ၍ လည်းကောင်း၊ လူသိများလာခြင်း ဖြစ်ပါသည်ဟု လယ်တီဦးလှပိုင်၏ "စတုဘုမ္မိက မဂ္ဂင်သာသနာဝင် သမိုင်း" စာအုပ်၏ နိဒါန်းတွင် ဖော်ပြထား၏။

"စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း"ကို ပထမ ရှေးဦးစွာ တည်ထောင်တော်မူခဲ့သော ပုဂ္ဂိုလ်မှာ စစ်ကိုင်း မင်းဝံတောင် ငှက်တွင်းချောင်းဆရာတော် ဦးပဏ္ဏ ဖြစ်သည်။

(ဒုတိယအကြိမ်)



စတုဘုမ္မိကမဂ္ဂင်မဟာသတိပဋ္ဌာန်ဂိုဏ်းကြီးကို
ဦးစွာပထမ တည်ထောင်တော်မူသော
ရွှေမင်းဝံငှက်တွင်းဆရာတော်ဘုရားကြီး၏ ပုံတော်
(၁၁၉၃-ခုနှစ်၊ ၁၂၇၂-ခုနှစ်)

ရွှေဘိုမြို့ ခမည်းတော် ဦးမောင်မောင်လေး၊ မယ်တော် ဒေါ်ခင်ငြိမ်းတို့မှ ၁၁၉၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားမြတ် ရတနာ ဖြစ် သည်။ ငယ်မည် မောင်မြသီး၊ ၆-နှစ်သားအရွယ်တွင် ရွှေဘိုမြို့ စရစ်ကျောင်းတိုက် ဆရာတော် အရှင် ကောဏ္ဍညာဘိဓဇ အထံတော်တွင် ပညာသင်ကြားရန် အပ်နှံလျက် ၁၃-နှစ် အရွယ်တွင် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့မည် ရှင်ပဏ္ဍဝ၊ အသက် နှစ်ဆယ်အရွယ် ၁၂၁၄ ခုနှစ် ဝါဆိုလဆန်း ၁၄-ရက်နေ့တွင် ရွှေဘိုမြို့ စရစ်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဆရာတော် အရှင် ကောဏ္ဍညာဘိဓဇ ကိုပင် ဥပဇ္ဈာယ်ဆရာပြုလျက် မိဘ ၂-ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

ရဟန်းတော် အရှင်ပဏ္ဍဝသည် မန္တလေး နေပြည်တော် သင်္ဂဇာကျောင်းတိုက်၊ သင်္ဂဇာဆရာတော် ဦးအဂ္ဂမဗ္မ၏ ဘုန်းရိပ် ကို ခိုသုံ၍ ပညာရင်နို့ သောက်စို့တော်မူသည်၊ ပိဋကပါဠိတော် အဋ္ဌကထာ ကျမ်းကြီးများအပြင် သဒ္ဒါဘိပြာကရိုက် စသော ဘာသာချုပ်များကို လည်းကောင်း၊ ဗေဒင်နက္ခတ် ဆေးကျမ်း တို့ကို လည်းကောင်း၊ သင်ယူ တတ်ကျွမ်းတော်မူလျက် သိက္ခာ ၅-ဝါ အရတွင် သင်္ဂဇာတိုက်၌ ပထမ စာတော်ချ အဖြစ် မြှောက်စားခြင်းခံရသည်။ ၎က်တွင်း ဆရာတော် ဦးပဏ္ဍဝ၊ သင်္ ဂဇာ ဦးမဗ္မစာရိန္ဒ၊ ဝဇီရာရာမ ဦးပညာသာမိ၊ ကြက်ထောင့် ဦးဇဝန အစရှိသည့် ဆရာတော်များသည် သင်္ဂဇာ ဆရာတော် ဘုရားကြီး၏ ညာလက်ရုံးများ ဖြစ်ကြသည်ဟု ဆိုပါသည်။

(ဒုတိယအကြိမ်)

ငှက်တွင်း ဆရာတော်ဟု ထင်ရှားမည့် အရှင်ပဏ္ဍဝသည် သင်္ဂဇာ ဆရာတော်ဘုရားကြီးနှင့် အတူ နန်းတွင်းသို့ လိုက်ပါရလျက် ဆရာတော်ကြီး၏ အမိန့်ဖြင့် မင်းတုန်းမင်းနှင့်တကွ မင်း မိဖုရား မှူးမတ်ပရိသတ်တို့အား တရားရေအေး တိုက်ကျွေးရ၏။ မင်းတုန်းမင်း တရားကြီးသည် အရှင်ပဏ္ဍဝအား ကြည်ညိုသဒ္ဓါ တရား တိုးပွားလျက် ပစ္စည်း လေးပါး ဒါယကာအဖြစ် ခံယူလသည်။ ပညာ ဒီပ ကဝိဓဇ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းသည်ဟု ဆိုလေသည်။

အရှင်ပဏ္ဍဝသည် သက်တော် ၃၆ နှစ်၊ သိက္ခာဝါ ၁၆ ဝါ အရတွင် သင်္ဂဇာ ဆရာတော်ဘုရားကြီးထံ ခွင့်ပန်၍ စာချခြင်း စသော ဗလိဗောဓများကို စွန့်လွှတ်ကာ မန္တလေးမြို့ အနောက်ဖက် မင်းဝံတောင်တန်းသို့ ကြွရောက်တော်မူပြီးလျှင် ဝိပဿနာ ဓုရကို အားထုတ်တော်မူသည်။ မင်းဝံတောင် ခါးပန်းတွင် ပဇင်းထိုး ငှက်များ သဘာဝအလျောက်တူးထားသော ငှက်တွင်း ဂူများ ရှိသည်။ အရှင်ပဏ္ဍဝသည် ငှက်များ တူးထားသော လိုဏ်ဂူ တစ်ခုတွင် ကျောင်းအဖြစ် သီတင်းသုံးလျက် တရား အားထုတ်တော်မူသည်။ အားထုတ်သည့်တရားမှာ သတိပဋ္ဌာန် ပါဠိတော်လာအရ ဖြစ်လျက် သတိကိုချုပ်ကိုင်သည်၊ သတိဖြင့် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း အာရုံများကို ယူသည်။ ပညာဖြင့် 'ဖြစ်ခြင်း ပျက်ခြင်းကို ဆင်ခြင် သုံးသပ်သည်။ ဤသို့ဖြင့် သတိပဋ္ဌာန်အစ ငှက်တွင်းက' ဟု ဆိုစမှတ်ပြုကြလျက် အရှင်ပဏ္ဍဝကိုလည်း ဌာနဖြစ်သော ငှက်တွင်းချောင်အမည်ကို ဌာန်၌ တင်စား၍ 'ငှက်တွင်း ဆရာတော်' ဟု ခေါ်ဝေါ် သမုတ်ကြ

လေသည်။ နောင်တွင် 'ငှက်ထွင်' အမည်ပျောက်၍ 'ငှက်တွင်း' ဟု ထင်ရှားလာလေသည်။

မင်းဝံတောင်တွင် ၁၅ နှစ်ကြာမျှ သီတင်းသုံးတော်မူပြီး နောက်၊ စစ်ကိုင်းတောင်သို့ ရွှေ့ပြောင်း၍ 'အဘယာရာမ ပြန့်ကြီးချောင်' သင်တည်တော်မူသည်။ သီပေါမင်း ပါတော်မူပြီး နောက် သက်တော် ၅၄၊ သိက္ခာတော် ၃၄ ဝါရှိနေပြီဖြစ်သော ငှက်တွင်း ဆရာတော် ဦးပဏ္ဍဝသည် ၁၂၄၈ ခုနှစ် ဝါဆိုလဆန်း ၈–ရက်နေ့၌ နောက်ပါ တပည့်သံဃာများနှင့် အတူ အောက်ပြည်အောက်ရွာသို့ စုန်တော်မူသည်။ သင်္ဂဇာဆရာတော် ကြီး၏ တပည့်တစ်ဦး ဖြစ်သော ဆရာတော် ဦးဥက္ကဋ္ဌ သီတင်း သုံးရာ ကွမ်းခြံကုန်းမြို့လယ်ပေါ် ကျောင်းတိုက်သို့ ကြွရောက် လျက် စာပေပို့ချခြင်း၊ တရားဓမ္မ ဟောကြား ပြသခြင်းဖြင့် သာသနာပြုတော် မူသည်။ ၁၂၄၉ ခုနှစ်တွင် ကွမ်းခြံကုန်း မုတ်ကျွန်း အစရှိသော ဒေသများရှိ လယ်ပေါဂိုဏ်းကြီး၏ ဦးစီးနာယကအဖြစ်သို့ တင်မြှောက်ခြင်း ခံယူတော်မူလျက် မိမိ၏ အယူအဆ ကျင့်စဉ်မူသစ်ကို တီထွင်ကာ ကျယ်ကျယ်ပြန့်ပြန့် ဟောပြော ဆောင်ရွက်တော် မူသည်။ ဤတွင် သဘောကျ လက်ခံသူများ ရှိသလို ဆန့်ကျင်ဘက် သဘောမကျ၊ လက်မခံ နိုင်သူများ လည်း ရှိလာသည်။

ထိုအချိန်မှစ၍ ဆရာတော်ဘုရားကြီး၏ ကျင့်နည်း ဟော နည်းတို့မှာ အသွင် ထူးခြားလျက် ဂိုဏ်းသီးခြား ဖြစ်လာလေ သည်။ ရွှေမင်းဝံတောင် ငှက်တွင်းချောင်တွင် သီတင်းသုံးသော ဌာနကို အစွဲပြုလျက် ဆရာတော် ဘုရားကြီးနှင့် အပေါင်းပါတို့ အား "ငှက်တွင်းဂိုဏ်း" ဟူ၍ လည်းကောင်း၊ ရွှေမင်းဝံတောင်

၌ သီ တင်း သုံး ခဲ့ ဘူး သ ဖြင့် "ရွှေမင်းဝံဂိုဏ်း" ဟူ၍ လည်း ကောင်း၊ ၎က်တွင်းဂိုဏ်းဝင်တို့ ဆောက်တည်သော "အာဇီဝဌမ္မက" သီလကို အစွဲပြု၍ "အာဇီဝဌမ္မကဂိုဏ်း" ဟူ၍ လည်းကောင်း၊ ဂိုဏ်းသူ ဂိုဏ်းသားတို့ အလေးအနက် ကျင့်မှတ်ရသော သတိပဋ္ဌာန်ကို အစွဲပြု၍ "သတိပဋ္ဌာန်ဂိုဏ်း" ဟူ၍ လည်းကောင်း သမုတ်ခေါ်ဝေါ်ကြသည်။ ထို့အပြင် ဂိုဏ်းဝင်ပရိသတ်တို့အား ဟောကြားပြသသော စတုဘုမ္မိက မဂ္ဂင်တရားတော်ကို အကြောင်းပြု၍ "စတုဘုမ္မိကမဂ္ဂင်ဂိုဏ်း" အဖြစ်ဖြင့် လည်း နောက်ပိုင်း၌ ထင်ရှားလေသည်။

ဆရာတော်ကြီးသည် ၁၂၇၂ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ (သက်တော် ၇၉၊ သိက္ခာဝါ ၅၉) တွင် သထုံမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ၎က်တွင်းဆရာတော်ကြီး ကိုယ်တော်တိုင် ၁၂၅၀ ပြည့်နှစ်မှ ၁၂၇၀ ပြည့်နှစ် အထိ၊ နှစ်ပေါင်း ၂၀ အတွင်း စတုဘုမ္မိက ၎က်တွင်းဂိုဏ်း သာသနာပြန့်ပွားစေခဲ့သည့် ခေတ်ကာလပိုင်းကို ပထမခေတ် ဟူ၍ သတ်မှတ်ကြသည်။ ဆရာတော် ဘုရားကြီး ပျံလွန်တော် မူပြီးသည်နောက် ဒုတိယခေတ်ပိုင်းတွင်မူ (၁) ကွမ်းခြံကုန်းမြို့ ဆရာတော် ဦး ဇော တိ က ာ ဘိ ဝ ဇ၊ (၂) ရေ စ ကြို မြို့ ဦးသောမနှင့် (၃) ဘောက်ထော် ဦးအရိယဝံသ ဟူသော တပည့်ကြီး ၃ ပါး တို့က ဦးဆောင်ညှိနှိုင်းလျက် သက်တော်ဝါ အကြီးဆုံး မဟာထေရ်ဖြစ်တော် မူသော ကွမ်းခြံကုန်း ဆရာတော် ကြီးအား စတုဘုမ္မိကဂိုဏ်း ဦးစီးနာယက ဂဏာဓိပတိအဖြစ် တင်မြှောက်တော်မူကြပါသည်။

(ဒုတိယအကြိမ်)

ယခု မျက်မှောက်ခေတ်တွင် ကွမ်းခြံကုန်း ဆရာတော်ကြီး၏ ညာလက်ရုံး တပည့်ကြီးဖြစ်သော နံ့ယောဆရာတော် ဦးဇာဂရသည် စတုဘုမ္မိကဂိုဏ်းကြီး၏ တတိယမြောက် မဟာနာယကဦးစီးခေါင်းဆောင် ဆရာတော် ဖြစ်လာသည်။ ထိုဆရာတော်ဘုရား လက်ထက်တွင် မန္တလေး၊ ရန်ကုန်၊ ပြည်၊ ဟင်္သာတ ရေနံချောင်း အစရှိသော မြို့ကြီးများတွင်ပါ စတုဘုမ္မိကဂိုဏ်းသည် ကျယ်ပြန့် တိုးပွား ထင်ရှားလာလေသည်။ ဆရာတော် ဘုရားကြီးသည် ၁၃၃၁ ခု တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့တွင် မန္တလေးမြို့၌ ဘဝနတ်ထံ ပျံလွန်တော် မူပြီးနောက်၊ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့ ပါရမီစကျောင်းတိုက် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော် ဦးအာသဘ စတုဘုမ္မိက ဂဏာဓိပတိအဖြစ်ဖြင့် ဆက်ခံ၍ သာသနာပြုတော်မူလျက် ရှိပါသည်။

(လယ်တီ ဦးလှပိုင်၏ စတုဘုမ္မိကမဂ္ဂင်သာသနာဝင်သမိုင်းကို အထောက်အထားပြုပါသည်။)

*          *     *

# (ဂ)

# ဂဏာဝိမုတ် ကူးတို့ဂိုဏ်း

(ဂ)။ **ဂဏာဝိမုတ် ကူးတို့ဂိုဏ်း**။ ။ဂဏာဝိမုတ်-ဂိုဏ်းအသီးသီးမှ အလွယ်ဖြစ်သောဂိုဏ်း (တနည်း) ပဏာဝိမုတ် စာချွန်တော်ကို အစွဲပြု၍ ဂဏာဝိမုတ်ဂိုဏ်းဟု ခေါ်တွင်သည်။ ကူးတို့ဂိုဏ်း ကူးတို့ရွာ (ထားဝယ်လေးမြို့နယ်) မှ စတင်တည်ထောင်သော ဂိုဏ်းဖြစ်သောကြောင့် ကူးတို့ဂိုဏ်း ခေါ်တွင်သည်။

ဂဏာဝိမုတ်ကူးတို့ဂိုဏ်းကို အာဒိကမ္မိက စတင်တည်ထောင်တော်မူသော ဆရာတော်အရှင်မြတ်ကား ထားဝယ်မြို့ ကူးတို့ရွာ ပိဋကတ် တိုက်ကျောင်း ဆရာတော် အရှင်ကုန္ဒဝံသ ဖြစ်၏။ တနင်္သာရီတိုင်း ထားဝယ်မြို့ ကညံ့ရပ်တွင် ၁၁၉၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့၌ ခမည်းတော်ဦးခွေးဖြူ မယ်တော် ဒေါ်မြတ်ဒေါးတို့မှ ဖွားမြင်သော သားမြတ်ရတနာ ဖြစ်၏။ ငယ်မည် မောင်ရွှေဆင်။ အသက် ၇ နှစ် အရွယ်တွင် ကညံ့ရပ်ကွက် မြေတိုက်ကျောင်း ဆရာတော်ထံတွင် အခြေခံ ပညာသင်ကြား စေသည်။ အသက် ၉ နှစ် အရွယ် (၁၂၀၂ ခုနှစ်တွင်) ကျောင်းသားငယ် မောင်ရွှေဆင်အား မြေတိုက်ကျောင်း ဆရာတော် ဦးသာရမဏ္ဍသာက အမရပူရ မင်းနေပြည်တော်သို့ ခေါ်ဆောင်ကြသွားလျက် အမရပူရ မြို့မဟာဝိဇိတာရာမ ကျောင်းတိုက် သာသနာပိုင် ဆရာတော် ဘုရားကြီး ဦးညေယျထံ၌ ပိဋကတ် စာပေများကို ဆက်လက် သင်ကြားစေလေသည်။

(ဒုတိယအကြိမ်)

အသက် ၁၂ နှစ်အရွယ်တွင် မောင်ရွှေဆင်သည် သာသနာပိုင် ဆရာတော် ဘုရားကြီး၏ အမိန့်အရ သုဓမ္မာစရပ်တွင် ရဟန်းရှင်လူ တို့၏ အလယ်၌ ပိဋကတ်တော်များကို မကြောက်မရွံ့ ပြန်ဆိုလေသည်။ ထိုသတင်းကို ကြားသိရ၍ ဘုရင်နှင့် မိဖုယားကြီး တို့က လည်း မောင်ရွှေဆင်အား နန်းတွင်းသို့ ခေါ်ယူ၍ ပိဋကတ်တော်ကို ပြန်ဆိုစေပြီးလျှင် အားရနှစ်သက် တော်မူ၍ အဖိုးတန် ပုဆိုး အထည်အဝတ်နှစ၍ ဆုအချီးမျိုး ချီးမြှင့်တော်မူသည်။

အသက် ၂၀ ပြည့်၍ ၁၂၁၃ ခုနှစ်တွင် အမရပူရ မဟာဝိဇိတာရာမကျောင်းတိုက် အရှေ့ဘက် မာရဝိဇိ သိမ်တော်ကြီး၌ သာသနာပိုင် ဆရာတော် ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ ခြောက်ကျိပ် နှစ်ပါးသော ဆရာတော်သံဃာတို့ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်ကို ခံယူတော်မူသည်။ ဘွဲ့တော် အရှင်ဇာနဓဇ။ ထိုရဟန်းခံပွဲသို့ မိဖုယားကိုယ်တိုင် လာရောက်လျက် ပရိက္ခရာ ရှစ်ပါးအစုံဖြင့် ချီးမြှောက် ပူဇော်လေသည်။ ထင်ရှားသော ကျမ်းတတ် ကျမ်းပြု ဆရာတော်ကြီးများ ထံတွင် ပိဋကတ် စာပေအရပ်ရပ်ကို နှံ့စပ်အောင် သင်ကြားနာယူပြီးနောက် ၁၂၁၉ ခုနှစ်၊ ရဟန်း ၆ ဝါအရတွင် ရဟန်းငယ် အရှင်ဇာနဓဇသည် မိမိ၏ ဆရာ ဖြစ်သော မြေတိုက်ကျောင်း ဆရာတော် ဦးသာရမဏ္ဍသာ နှင့်အတူ မင်းနေပြည်တော်မှ ခွဲခွာ၍ ဇာတိရပ်ရွာဖြစ်သော ထားဝယ်မြို့ကညွှန့်ရပ်ကွက် မြေတိုက်ကျောင်းသို့ ပြန်လည် ကြွရောက်သီတင်း သုံးတော် မူကြပြီးလျှင် ပရိယတ် စာပေပို့ချခြင်း လုပ်ငန်းဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်တော် မူကြပါ

သည်။ ၁၂၂၀ ခုနှစ်တွင် ထားဝယ်မြို့နယ်၌ ရဟန်းတော်တို့အား မအပ်စပ်သော ရွှေငွေတို့ကို အလှူခံခြင်း အစရှိသည့် အဓိကရုဏ်းများ ဖြစ်ပေါ်လာရာ ဆရာတော် ဦးဣန္ဒဝံသသည် မြို့သူ မြို့သားများအား ဟောပြော ပြသလျက် သာသနာ့ အညစ်အကြေးတို့ကို သုတ်သင် ရှင်းလင်းတော်မူပါသည်။ မိမိ ကိုယ်တိုင်လည်း တစ်ပါးသော ဂိုဏ်းဂဏ ပုဂ္ဂိုလ်များနှင့် မဆက်ဆံပဲ ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတ ကင်းရှင်းစွာဖြင့် တစ်ပါးတည်း သီတင်းသုံး နေထိုင်လေသည်။

မကြာမီကာလတွင် ဆရာတော် ဦးဣန္ဒဝံသသည် ထားဝယ်မြို့မှ အရှေ့တောင် ၂–မိုင်ကွာ ကူးတို့ရွာသို့ ပြောင်းရွှေ့၍ ကျောင်းတည်ထောင်ပြီးလျှင် နေ့အခါ ပရိယတ်၊ ညဉ့်အခါ ပဋိပတ်ခုရတရား နှစ်ပါးတို့ကို အားထုတ်တော် မူပါသည်။ တဖန် ကူးတို့ရွာ အရှေ့ဖက် စပါး တောင်ခြေရင်းသို့ ရွှေ့ပြောင်း ကြွသွားကာ တောရ ဆောက်တည်တော်မူသည်။ **ဂဏဝိမုတ်စာချွန်တော်။** ။၁၂၅၀ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉–ရက်နေ့စွဲဖြင့် မန္တလေးနေပြည်တော် သာသနာပိုင် ပုခန်းဆရာတော် ဘုရားကြီးထံမှ ကူးတို့ရွာ တောကျောင်းဆရာတော် အရှင်ဣန္ဒဝံသ (ပိဋကတ်တိုက်ဆရာတော်) အား ဂဏဝိမုတ် စာချွန်တော်ဖြင့် ပေးအပ်ချီးမြှင့်တော်မူရာ၊ မိမိတစ်ပါးတည်းကိုသာ မဟုတ်ပဲ ဂိုဏ်းအဖွဲ့ကိုပါ ဂဏဝိမုတ်ခွင့်ပြုတော်မူပါရန် ပြန်လည် လျှောက်ထားလေသည်။ လျှောက်ထားသည့်အတိုင်းပင် သာသနာပိုင် ပုခန်းဆရာတော်ဘုရားကြီးထံမှ ၁၂၅၀ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့စွဲဖြင့် ထားဝယ်မြို့ ကူးတို့တောရ ပိဋကတ်တိုက်ကျောင်းနေ အရှင်

(ဒုတိယအကြိမ်)

ဣန္ဒြင်သအား ကူးတို့ဂိုဏ်း သံဃာတို့နှင့်တကွ ဂဏဝိမုတ်အရာ ထားတော်မူကြောင်း ဒုတိယ စာချွန်တော်ဖြင့် ပေးအပ် ချီးမြှင့်တော်မူသည်။

ပိဋကတ်တိုက် ဆရာတော် ဦးဣန္ဒဝံသသည် သက်တော် ၆၅၊ သိက္ခာတော် ၄၅ ဝါအရတွင် ဖော်ပြပါ စာချွန်တော် များဖြင့် ဂဏဝိမုတ်အရာထားရှိခြင်း ခံယူရသည်ဖြစ်ရာ ဂဏ ဝိမုတ် ကူးတို့ ဂိုဏ်းဝင် ကျောင်းထိုင် ဆရာတော်များက ဆရာတော် ဣန္ဒဝံသ မထေရ်အား ဂိုဏ်းချုပ် မဟာနာယက ဆရာတော် အဖြစ်ဖြင့် တင်မြှောက်သိမှတ်တော် မူကြပါသည်။ ထားဝယ်လေးမြို့နယ် ဂဏဝိမုတ်ကူးတို့ ဂိုဏ်းကြီး၏ ပထမ ရှေ့ဦး မဟာနာယကဂိုဏ်းချုပ် ဆရာတော် ဘုရားကြီးသည် ၁၂၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်၊ သက်တော် ဂ၆၊ သိက္ခာဝါ ၆၆-ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော် မူပါသည်။

ယခု ကိုးဆက်မြောက် ဂိုဏ်းချုပ်ဖြစ်သော ညောင်ပင် ရှိုင်ကျောင်း ဆရာတော် ဦးဝိသုဒ္ဓ (သက်တော် ၇ဂ-သိက္ခာ ၆၇-ဝါ)သည် ဂဏဝိမုတ်ကူးတို့ဂိုဏ်း၏ သံဃာ့နာယကဂိုဏ်း ချုပ်ဆရာတော်အဖြစ်ဖြင့် လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါ စရိယ ဆရာတော်အဖြစ်ဖြင့် လည်းကောင်း၊ သာသနာ့ဝန်ကို ထမ်းဆောင်ယင်း တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက် ချောင်းမြို့နယ် ဆီတောကျေးရွာ၊ ညောင်ပင်ရှိုင်ကျောင်း တွင် သီတင်းသုံးနေတော်မူပါသည်။

(ဒုတိယအကြိမ်)

ဒုတိယဂိုဏ်းချုပ် ဆရာတော်မှာ ထားဝယ်မြို့ ဇေယျဝတီ ကျောင်းတိုက် မဟာ နာယက ဆရာတော် ဦးသာဂရ (သက်တော်–၇၂၊ သိက္ခာတော် ၆၂–ဝ) ဖြစ်ပါသည်။

(ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်၊ ဒု–မဟာ နာယက ဆရာတော် (ဓမ္မာရုံ) ဦးဝိရိယထံမှ ကျေးဇူးပြုသည်၊)

* * *



ဓမ္မယုတ္တိက နိကာယဂိုဏ်းကြီးကို
ဦးစွာပထမတည်ထောင်တော်မူခဲ့သော ဗုဒ္ဓဝံသမထေရ်
ဒေါ မဟာရင်ဆရာတော်ဘုရားကြီး၏ပုံတော်
(၁၂၀၃-ခုနှစ်၊ ၁၂၇၀-ပြည့်နှစ်)

# (၉)
# ဓမ္မယုတ္တိကနိကာယမဟာရင်ဂိုဏ်း

၉။ ဓမ္မယုတ္တိကနိကာယမဟာရင်ဂိုဏ်း။ ။ရဟန်း ဘွဲ့တော် ဦးဗုဒ္ဓဝံသ (လူနာမည် ဦးမဟာရင်) ဦးစီးတည်ထောင်သော ဂိုဏ်းဖြစ်သည်။ လူနာမည် ဦးမဟာရင်မှာ အသိများ တွင်ကျယ်သဖြင့် ယင်းလူအမည်ကို အကြောင်းပြု၍ ဆရာတော်ထံသို့ ဆည်းကပ် သီတင်းသုံး နေထိုင်ကြသော ရဟန်းသာမဏေ အပေါင်းအစုကို "မဟာရင်ဂိုဏ်း" ဟုခေါ်သည်။ တစ်နည်း—ဆရာတော်သည် ယိုးဒယားပြည် ဓမ္မယုတ္တိကနိကာယဂိုဏ်းမှ ဆင်းသက်လာသောကြောင့် ဆရာတော်ထံ ဆည်းကပ် သီတင်းသုံး နေထိုင်ကြသော ရဟန်းသာမဏေအပေါင်းတို့ကို "ဓမ္မယုတ္တိကနိကာယဂိုဏ်း" ဟူ၍လည်း ခေါ်ဝေါ် သိမှတ်ကြသည်။

ဗုဒ္ဓဝံသ မဟာထေရ် (ခေါ်) မဟာရင် ဆရာတော် လောင်းလျာအား ၁၂၀၃ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့တွင် ယိုးဒယားနိုင်ငံ မဟာဆဲ သမုဿခန်မြို့နယ်၊ ကြုင်ခြုံအမည်ရှိသော မွန်ရွာ၌ ဖွားမြင်တော်မူလျက်၊ ငယ်မည် (မွန်ဘာသာဖြင့်) မောင်ရင် ဟု

(ဒုတိယအကြိမ်)

ခေါ်တွင်ခဲ့လေသည်။ ၁၀နှစ် အရွယ်တွင် ရွာဦးကျောင်း ဘုန်းတော်ကြီးထံ၌ အပ်နှံ၍ ၁၅ နှစ် အရွယ်သို့ ရောက်သော အခါ ကြုင်ခြုံဆရာတော်ထံ၌ပင် သာမဏေအဖြစ်သို့ရောက် ရှိလျက် "ရှင်ဗုဒ္ဓဝံသ"ဟု ဘွဲ့မည် ပေးတော်မူလေသည်။ သက်တော် ၂၀ ပြည့်သောအခါ ကြုင်ခြုံဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘာဝသို့ ရောက်ရှိသည်။

ကျောင်းသား ရှင်သာမဏေ ဘဝကပင် သုတ်စဉ် သဒ္ဒါ သင်္ဂြိုဟ် စသော ပိဋက အခြေခံ ကျမ်းစာများနှင့် သင်ရိုး ပိဋက ပါဠိအဋ္ဌကထာ ဋီကာကျမ်းများကို ဉာဏ်ထက်မြက် သည် အလျောက် သင်ကြား တတ်မြောက်ပြီး ဖြစ်သော ပဉ္စင်းငယ် အရှင်ဗုဒ္ဓဝံသည် ယိုးဒယားနိုင်ငံ ဘန်ကောက် မြို့တော်သို့ ကြွရောက် သီတင်းသုံးကာ ယိုးဒယားသာသနာပိုင် ဆရာတော်ကြီးများထံတွင် ယိုးဒယား ဘာသာဖြင့် လော ကုတ္တရာ စာပေကျမ်းဂန်များကို ဆက်လက်သင်ကြား ဆည်း ပူးတော်မူသည်။ အရှင်ဗုဒ္ဓဝံသသည် မွန်ဘာသာ တွင်မက ပါဠိ ဘာသာနှင့် ယိုးဒယား ဘာသာ၊ ယိုးဒယား စာပေ တို့ကိုလည်း ကျွမ်းကျင် တတ်မြောက်လျက် ယိုးဒယားတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ပရိယတ္တိဆိုင်ရာ စာမေးပွဲများ၌ ဝင်ရောက်ဖြေဆို အောင်မြင်တော်မူသည်။ ပြဋ္ဌာန်းသော အဆင့် အတန်း အသီးသီးကို အောင်မြင် ပြီးနောက်၊ နောက်ဆုံး အမြင့်ဆုံး ဖြစ်သော "မဟာ" အဆင့် အတန်း ကိုလည်း အကျ အရှုံးမရှိ ထိပ်ဆုံးမှ အောင်မြင်ပြန်သဖြင့် "မဟာ" ဟူသော ဘွဲ့တံဆိပ်ကို ယိုးဒယားဘုရင်မှ တဆင့် သာသနာပိုင် သံဃရာဇာဆရာတော်က ချီးမြှင့်ခြင်းကို ခံယူ

(ဒုတိယအကြိမ်)

ရရှိသည်။ ထိုအခါ ငယ်မည် မောင်ရင်နှင့်တွဲစပ်၍ "မဟာရင်ကိုယ်တော်"ဟု အများက ခေါ်ဝေါ် သိမှတ်ကြလေသည်။

မဟာရင် ကိုယ်တော်သည် ယိုးဒယားပြည်၌ ပရိယတ္တိစာပေပို့ချခြင်း၊ တရားဓမ္မ ဟောကြားခြင်း၊ စသည်ဖြင့် သာသနာ့အကျိုးကို ထူးထူးခြားခြား သည်ပိုးဆောင်ရွက်တော်မူသဖြင့် ယိုးဒယားဘုရင်က "ဗြဟ္မာသရဏဇေ"ဟူသော ဘွဲ့တံဆိပ်ကို ဆက်ကပ် လှူဒါန်း ချီးမြှင့်ပြန်ရာ ယိုးဒယားသာသနာ့ရေး ဌာန၌ 'မဟာရင် ဆရာတော်'ဟု လူသိများ၍ ကျော်ကြားလာလေသည်။

မဟာရင် ဆရာတော်သည် မွန်ပြည်နယ်တွင် ပရိယတ်ပဋိပတ်သာသနာပြုလိုသောဆန္ဒဖြင့် ၁၂၃၆ ခုနှစ်၌ ယိုးဒယားပြည်မှ ထွက်ခွာလာလျက် မော်လမြိုင်မြို့ မြောက်ဖက် ၆ မိုင်ခန့်အကွာ ကတိုးရွာတွင် သီတင်းသုံးနေထိုင်ပြီးလျှင်၊ ဒကာဒကာမများ၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် ၁၂၃၇ ခုနှစ်တွင် မဟာရင်ကျောင်းတိုက်ကို စတင်တည်ထောင်တော်မူသည်။ ပရိယတ္တိ စာသင်တိုက် အနေဖြင့် ဘီလူးကျွန်းချောင်းဆုံမြို့နယ်၊ မော်လမြိုင် မုဒုံမြို့နယ်၊ ကျိုက္ခမီမြို့နယ်၊ ရေးမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ သထုံခရိုင် ပေါင်မြို့နယ်နှင့် အထက်ချောင်းဖျား ဇာသပြင်ရွာကြီး စသည်တို့မှ စာသင်သား ရဟန်း သာမဏေ မြောက်များစွာတို့သည် မဟာရင်ဆရာတော်ထံသို့ ဆည်းကပ်ခိုလှုံကာ ပညာရင်နို့ သောက်စို့တော်မူကြသည်။

စာသင်သား တပည့်ရဟန်း သာမဏေများသည် တစထက်တစ တိုးပွား များပြားလာသည့်အလျောက်၊ တပည့်ကြီး

(ဒုတိယအကြိမ်)

များနှင့် ညီနိုင်းတိုင်ပင်ကာ ယိုးဒယားနိုင်ငံတွင် မိမိနေထိုင်သီတင်းသုံးခဲ့ဘူးသော 'ဓမ္မယုတ္တိကနိကာယဂိုဏ်း' ကို အမှီပြု၍ ဓမ္မယုတ္တိကနိကာယဂိုဏ်းကို ဖွဲ့စည်း တည်ထောင်တော်မူသည်။ ဆရာတော် ဦးဗုဒ္ဓဝံသ၏ 'အမည်ဟောင်းဘွဲ့တံဆိပ်ကို အကြောင်းပြု၍ ရှင်လူအများတို့က 'မဟာရင်ဂိုဏ်း' ဟုပင် ခေါ်ဝေါ်သမုတ်ကြသည်။ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် လောနိုင်ငံတို့တွင် (၁) ဓမ္မယုတ္တိက နိကာယဂိုဏ်းနှင့် (၂) မဟာနိကာယဟူသော ဗုဒ္ဓဘာသာ ဂိုဏ်းနှစ်ဂိုဏ်းသာ ရှိသည်။

မဟာရင် ဆရာတော်သည် ၁၂၆၀ ပြည့်နှစ်မှ စတင်၍ နှစ်စဉ် ဓမ္မဝိနယ စာချေါက်မေးသဘင်ကို ၈—နှစ်ကြာမျှ ကတိုးမဟာရင်ကျောင်း၌ ကျင်းပ စေပြီးနောက်၊ တဖန် ဘီလူးကျွန်း ရွာလွတ် နိဗ္ဗာနာရုံ၌ ဆက်လက်၍ စာချေါက်မေးပွဲသာမျှင် မဟုတ်ပဲ၊ နှုတ်အာဂုံဆောင် စာပြန်ပွဲကိုပါ ပူးတွဲ ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။ ဤစာပြန်ပွဲကို နှစ်စဉ် မပျက် ကျင်းပလာခဲ့ကြရာ၊ ၁၃၄၂ ခုနှစ်ပါဆိုလျှင် (၈၂) ကြိမ်မြောက်သို့ပင် ရောက်ခဲ့ပြီ ဖြစ်ကြောင်း သိရပါသည်။

မဟာရင် ဆရာတော်သည် ကတိုး မဟာရင်ကျောင်းကို အခြေပြုလျက် မွန်ပြည်နယ်အတွင်း ပရိယတ် ပဋိပတ်သာသနာတော် တိုးတက်ပြန့်ပွားသည်ထက် တိုးတက်ပြန့်ပွားအောင် ကြိုးပမ်း အားထုတ် ဆောင်ရွက်တော် မူပြီးသည့်နောက် ၁၂၇၀ ပြည့်နှစ်တွင် မိမိ၏ ဇာတိမြေဖြစ်သော ယိုးဒယားနိုင်ငံသို့ သာသနာရေးကိစ္စဖြင့် ပြန်လည်ကြွသွားတော်မူလေသည်။ ယိုးဒယားတွင် ၁၀—၀ ကြာမျှ သာသနာပြုပြီးနောက်

သက်တော် (၈၀) ပြည့်ခါနီးတွင် ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

| | | |
|---|---|---|
| ပထမ မဟာရင် | ဂိုဏ်းချုပ်ဆရာတော် | ဦးဗုဒ္ဓဝံသခေါ် မဟာရင်ဆရာတော် |
| ဒုတိယမြောက် | ။ | ဦးဉာဏာသိရိ |
| တတိယမြောက် | ။ | ဦးမောဂ္ဂလိပုတ္တ |
| စတုတ္ထမြောက် | ။ | ဦးနာလာဂိရိ (မူရစ်ကလေးဆရာတော်) |
| ပဉ္စမမြောက် | ။ | ဦးမဟိန္ဒ |
| ဆဋ္ဌမမြောက် | ။ | ဦးဇောတိပါလ |

ဆဋ္ဌမမြောက် ယနေ့ယတ္တိက နိကာယာဓိပတိ သမ္မုတိ သံဃရာဇာ ဝင်ရော်ဆိပ်ကြီး တောရဆရာတော် ဦးဇောတိပါလ မဟာမထေရ် (သက်တော် ၉၄၊ သိက္ခာတော် ၇၄-၀၁) သူမြတ်သည် ယခုအခါတွင် မုဒုံမြို့ ကော့ခပုံရွာ အရှေ့ ၃ မိုင်ခွဲခန့် အကွာ၊ တောင်ကြားစခန်း ကမ္ဘဋ္ဌာန်း ရိပ်သာ ကျောင်းကလေး၌ တစ်ပါးတည်း သီတင်းသုံး ပျော်မွေ့တော်မူလျက်ရှိပါသည်။

(ဗဟန်း ကျိုက်သီမွန် ပါဠိတက္ကသိုလ်ကျောင်းတိုက် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် ဦးဘဒ္ဒသ (မဟာရင်ဂိုဏ်း) ထံမှ ကျေးဇူးပြုသည်။)

## မြန်မာနိုင်ငံ သံဃာဂိုဏ်းများ

ပန်းတောင်း ဦးမောင် စီစဉ်ထုတ်ဝေသော ၁၉၈၅ ခု ဧပြီလနှင့် ဇူလိုင်လ၊ ၁၉၈၆ ခု ဇွန်လထုတ် "ဓမ္မသဘင်" စာစောင်တို့မှ ဓမ္မဃောသက ဦးမောင်မောင်ရေးသော ဆောင်းပါး (၃) ပုဒ်တို့ကို ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

### လောကီဂိုဏ်းနှင့် လောကုတ္တရာဂိုဏ်း

၁၉၈၂ ခုနှစ်အတွင်းက၊ လန်ဒန် တက္ကသိုလ်မှ ဆွစ်အမျိုးသားတစ်ဦး၊ ဩစတေးလျမှ အမျိုးသမီး တစ်ဦးနှင့် အမျိုးသား ၂ ဦးတို့သည် စာရေးသူ၏ နေအိမ်သို့ ရောက်လာကြပါသည်။ လန်ဒန်တက္ကသိုလ်မှ ပုဂ္ဂိုလ်မှာ ပါရဂူ (ဒေါက်တာ) ဘွဲ့ ရယူရေးအတွက် ကျမ်းပြုရန် ရန်ကုန်သို့ လာရောက်၍ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသမိုင်းကို ဆည်းပူး လေ့လာနေသူ ဖြစ်သည်။ ဩစတေးလျမှ ပုဂ္ဂိုလ် (၃) ဦးကမူ၊ ကမ္မဋ္ဌာန်း ရိပ်သာများ၌ တရားအားထုတ်နည်းများကို စူးစမ်းလေ့လာရန်၊ ရန်ကုန်သို့ ခေတ္တ ရောက်ရှိလာသူများ ဖြစ်ကြပါသည်။ လန်ဒန် တက္ကသိုလ်မှပုဂ္ဂိုလ်က၊ စာရေးသူ၏ မြန်မာနိုင်ငံ သံဃာဂိုဏ်းကြီး (၉) ဂိုဏ်းစာအုပ်ကို ဖတ်ရှုပြီး ဖြစ်လျက်၊ မြန်မာနိုင်ငံ၌ သံဃာဂိုဏ်းများ ကွဲပြားလာပုံကို သူ၏အမြင်၊ သူ၏ အယူအဆနှင့်တကွ တင်ပြ ဆွေးနွေးသည်။ ဩစတေးလျမှ ပုဂ္ဂိုလ်သုံးဦးကမူ မြန်မာနိုင်ငံ၌ ကျင့်သုံး အားထုတ်နေကြသော သမထ ဝိပဿနာ လုပ်ငန်းများကို မေးမြန်း စုံစမ်းကြသည်။ ရိပ်သာအချို့သို့လည်း ရောက်ခဲ့ကြပြီး ဖြစ်သည်။ ဂိုဏ်းဟူသော ဝေါဟာရဖြင့် ခေါ်ဝေါ်သုံးစွဲကြ၏။ ဥပမာ-

စွန်းလွန်းဂိုဏ်း၊ မိုးကုတ်ဂိုဏ်း၊ မင်းကွန်းဂိုဏ်း၊ မဟာစည်ဂိုဏ်း စသည်ဖြင့် သူတို့နားလည်သလို အမည်တပ်ကြသည်။ ထိုပုဂ္ဂိုလ်သုံးဦးမှာ ဂျူးလူမျိုးများ ဖြစ်ကြသည်။ ၎င်းတို့အနက် အသက် (၃၀) ခန့်ရှိ၊ အမျိုးသမီး ဖြစ်သူက သူတို့နေထိုင်ရာ (PERTH)မြို့တွင် ဗေဒင်လက္ခဏာဆရာ သဘောမျိုးဖန်လုံးကို စူးစိုက်ကြည့်ရှု၍ ပြသသည့်သဘော(Crystal Glazing) ပညာဖြင့် အောင်မြင်ကျော်ကြားမှု ရရှိနေသူဖြစ်ကြောင်း သိရသည်။ သမထနည်း (မှော်အတတ်ပညာ)ဖြင့် အမြင်အကြား ရနေသူဟုလည်း ဆိုနိုင်ပါသည်။

ပထမပုဂ္ဂိုလ်၏ သိလိုချက်မှာ ဘာသာရေးဆိုင်ရာ သံဃာဂိုဏ်းများအကြောင်း ဖြစ်သည်။ ဩစတေးလျမှ ပုဂ္ဂိုလ်များ၏ သိလိုချက်မှာ၊ သမထယောဂအလုပ်ကို အခြေခံထားသောမြန်မာနိုင်ငံ၌ ခေတ်စားနေသည့် နတ်ဂိုဏ်း၊ ဘိုးတော်ဂိုဏ်း၊ မှော်ဂိုဏ်း အစရှိသည့် လောကီပညာဆိုင်ရာ ဂိုဏ်းဂဏများအကြောင်း ဖြစ်တန်ရာသည်ဟု စာရေးသူက သဘောပေါက်နားလည်မိသည်။ စာရေးသူအနေဖြင့် လောကီပညာ ဂိုဏ်းဂဏအကြောင်းကို စိတ်ဝင်စားမှု မရှိသဖြင့် ဤဆောင်းပါးတွင် ဘာသာရေးဆိုင်ရာ ဂိုဏ်းဂဏအကြောင်းများကိုသာ အကျဉ်းမျှ ရေးသားတင်ပြလိုပါသည်။

## ဂိုဏ်းဟူသောဝေါဟာရ

ဂိုဏ်းဟူသည် ပါဠိသက် မြန်မာဝေါဟာရ ဖြစ်သည်။ ဂဏ - ဂိုဏ်း - အပေါင်းအစု အဖွဲ့အစည်းဟူ၍ အဓိပ္ပာယ်ရသည်။ ဂိုဏ်းဟူသောစကားလုံးကို လူဆိုးဂိုဏ်း၊ ဓားပြဂိုဏ်း

မှောင်ခိုဂိုဏ်း၊ မူးယစ်ဆေးဝါးဂိုဏ်း၊ ဒုစရိုက်ဂိုဏ်း စသည်ဖြင့် လည်းကောင်း၊ ရှင်မထီးဂိုဏ်း၊ ဘိုးဘိုးအောင်ဂိုဏ်း၊ စ–မ ဂိုဏ်း၊ ဝိဇ္ဇာဂိုဏ်း၊ နတ်ဂိုဏ်း၊ မှော်ဂိုဏ်း စသည်ဖြင့် လည်းကောင်း၊ ဗုဒ္ဓဘာသာ သာသနာရေးရာဆိုင်ရာတို့၌ မဟာယနဂိုဏ်း၊ ထေရဝါဒဂိုဏ်း၊ စူဠဂဏ္ဍိ–မဟာဂဏ္ဍိဂိုဏ်း၊ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ၊ ငှက်တွင်းဂိုဏ်း စသည်ဖြင့် လည်းကောင်း၊ အကောင်အဆိုး ၂ ဌာနစလုံး၌ ဆိုင်ရာအုပ်စု အဖွဲ့အစည်းအနေဖြင့် ခေါ်ဝေါ်သုံးစွဲကြသည်။ ဂိုဏ်းဟူသော မြန်မာ့ဝေါဟာရကို အင်္ဂလိပ်ဘာသာဖြင့် (SECT)ဟု ပြန်ဆိုကြသည်။ ချိန်းဘားအဘိဓာန်၌ ဤသို့ အဓိပ္ပာယ်ဖွင့်၏။

SECT – a body of followers; a school of opinion; exp. in religion or philosophy; a sub-divnision of one of the main religious divisions of mankind.

ဟု ဆိုထားရာ၊ လူသားတို့၏ ကိုးကွယ်ယုံကြည်မှု၊ ဘာသာတရား၌ အတွေးအခေါ် အယူအဆကိုလိုက်၍ ကွဲပြားသော ဂိုဏ်းဂဏ အဖွဲ့အစည်းများ ဖြစ်သည်ဟု ယေဘူယျအားဖြင့် မှတ်ယူနိုင်ပါသည်။ ဝိဇ္ဇာဂိုဏ်း၊ မှော်ဂိုဏ်း၊ အမြင်အကြားဂိုဏ်းစသည့် OCCULT လျှို့ဝှက်သော၊ မသိမမြင်နိုင်သော၊ လောကီပညာ၊ အတတ်ပညာဂိုဏ်းများကိုမူ CULT ဟု၍၊ အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဝေါ်သည်။ ဥရောပ၊ အမေရိကန် အစရှိသည့် နိုင်ငံများတွင် ဤသို့သောပုဂ္ဂိုလ် ကိုးကွယ်မှုဂိုဏ်းဂဏ အဖွဲ့အစည်းများသည် ရာထောင်ချီလျက် ရှိကြသည်။ အိန္ဒိယမှ မဟာရှိ၊ တောင်ကိုရီးယားမှ ဘုန်းတော်ကြီး San Myung Moon အစရှိသူများသည် အမေရိကတွင်အခြေစိုက်

ကာ၊ ကမ္ဘာအနှံ့ နောက်လိုက်တပည့်ပေါင်း မြောက်များစွာဖြင့် ထင်ရှားကျော်ကြားသော ဂိုဏ်းဆရာကြီးများ ဖြစ်ကြသည်။

## ဘာသာရေးဂိုဏ်းဂဏများ

ဗုဒ္ဓဘာသာ၊ ဗြဟ္မဏဘာသာ၊ မူဆလင်ဘာသာ၊ ခရစ်ယာန်ဘာသာဟူ၍ ကမ္ဘာတွင် အဓိကဘာသာကြီး လေးရပ်ရှိ၏။ အဓိကဘာသာကြီး လေးရပ်လုံး၌ပင် ဂိုဏ်းကွဲများရှိကြသည်။ ဗုဒ္ဓဘာသာတွင် မဟာယာန၊ ဟိနယာန (ထေရဝါဒ) တနည်း မြောက်ပိုင်းဗုဒ္ဓဘာသာ၊ တောင်ပိုင်းဗုဒ္ဓဘာသာ။ ဤတွင် မြောက်ပိုင်းဗုဒ္ဓဘာသာ၌ တိဗက် (လာမာ) နီပေါ၊ဘူတန်၊ တရုတ်၊ ဂျပန်၊ ကိုးရီးယား စသည်တို့၌ ဂိုဏ်းကွဲပေါင်း အများအပြားရှိပြန်သည်။ ဤနည်းတူ ခရစ်ယာန်ဘာသာတွင် ဘရင်ဂျီ၊ (ရိုမင်ကတ်သလစ်) ပရိုတက်စတင့် (PROTESTANT) အင်ဂလိတန်၊ မက်သောဒစ်၊ဘက်ပ်တစ် စသည်ဖြင့် လည်းကောင်း၊ မူဆလင်ဘာသာတွင် ရှီယာဂိုဏ်း စူနီဂိုဏ်း စသည်ဖြင့် လည်းကောင်း ဂိုဏ်းကွဲများ ရှိကြသည်။

မူလဘာသာကြီး ၄ ရပ်၌ တစ်ဘာသာနှင့် တစ်ဘာသာ အတွေးအခေါ် ဒဿနအယူအဆ တူညီသည်လည်း ရှိသည်။ ကွဲပြားခြားနားသည်လည်း ရှိကြသည်။ ဤနည်းတူပင် မူလဘာသာမှ ပေါက်ဖွားလာသော ဂိုဏ်းခွဲများတွင်လည်း တဂိုဏ်းနှင့် တဂိုဏ်း တူညီသော အချက်အလက်များရှိသလို၊ မတူညီ ကွဲလွဲလျက် အဖြူနှင့်အမဲ ဆန့်ကျင်ဘက်အယူအဆ အလေ့အထ လုပ်ထုံးလုပ်နည်းများ ပါရှိနေကြသည်။ ဥပမာ—ဗုဒ္ဓဘာသာ

(ဒုတိယအကြိမ်)

တွင် မဟာယာနနှင့် ထေရဝါဒတို့၌ ကျမ်းစာများအနေဖြင့် ကွဲလွဲချက်ရှိနေသလို ကျင့်ကြံအားထုတ်နည်းနှင့် ကျင့်ဝတ်တို့၌လည်း ကွဲလွဲချက် များစွာရှိနေသည်။ ကမ္ဘာ့ဘာသာရပ်ကြီးများတွင် အချို့သော ဂိုဏ်းဂဏများအတွင်း၌ အယူသီးမှု၊ ရွေးဆန်မှုများကြောင့် တဖွဲ့နှင့်တဖွဲ့၊ တဂိုဏ်းနှင့်တဂိုဏ်း ပဋိပက္ခ ဆန့်ကျင်ဘက်အသွင်ကိုပင် ဆောင်လျက်ရှိကြသည်။

## ဗုဒ္ဓဘာသာ သံဃာဂိုဏ်းများ

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အတွင်း၌ ဂိုဏ်းကွဲများ စတင်ဖြစ်ပေါ်လာပုံ အကျဉ်းမျှ တင်ပြလိုပါသည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်- ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် သုံးလမြောက်သည့်အချိန်တွင် ရှင်မဟာကဿပ အမှူးပြုသည့် ရဟန္တာအရှင်မြတ် ၅၀၀ တို့က အဇာတသတ်မင်းကို အမှီပြုလျက် ခုနစ်လကြာမျှ ပထမ သံဂါယနာ တင်တော်မူကြသည်။ သံဂါယနာတင်ခြင်း၏ ရည်ရွယ်ချက်မှာ ၄၅-ဝါပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အဆုံးအမ ဒေသနာတော်များသည် နောက်ကာလ၌ အကွဲကွဲ အပြားပြား မဖြစ်စေဘဲ၊ တညီတညွတ်တည်းရှိစေရန်ဖြစ်သည်။ ဤရည်ရွယ်ချက်အတိုင်းပင် အရှင် မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိ အစရှိသည့် မထေရ်မြတ်ကြီးများ၏ အရှိန်အဝါဖြင့် သံဃာအဖွဲ့အစည်းကြီးသည် ထိုစဉ်အခါက မကွဲမပြား တသားတည်းရှိခဲ့ကြ၏။

ပထမ သံဂါယနာ တင်ပြီးသည့်နောက် နှစ်တရာကြာရှိသည့်အခါ ကာဠာသောကမင်း လက်ထက် ဝေသာလီပြည်၌

ဝဇ္ဇီတိုင်းသား ရဟန်းတို့က ဝိနည်းဒေသနာတော်နှင့် ဆန့်ကျင်သည့် အခမ့ဝတ္ထုဆယ်မျိုးကို တီထွင်လာကြ၏။ ဤသည်ကိုအကြောင်းပြု၍ အရှင်အာနန္ဒာ၏ တပည့်ကြီးများ ဖြစ်ကြသည့် အရှင်ယသ၊ အရှင်ရေဝတ၊ အရှင်သဗ္ဗကာမိ အစရှိသည့် ရဟန္တာအရှင်မြတ် ခုနစ်ရာတို့က ဝေသာလီပြည် ဝါလိကာရာမ ကျောင်းတော်၌ ကာဠာသောကမင်းကြီး၏ အစောင့်အရှောက်ဖြင့် ဒုတိယအကြိမ် သံဂါယနာ တင်တော်မူသည်။ ဤအချိန်ကာလ၌ပင် ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ကောသမ္ဗီပြည်၌ သံဃာတစ်သောင်းနှင့် စင်ပြိုင်သံဂါယနာ တင်ကြသည်။ ဤစင်ပြိုင်သံဂါယနာကို မဟာသံဃိက သံဂါယနာဟု ခေါ်ဆိုသည်။ ပါဝင်ကြသော ရဟန်းများကိုလည်း မဟာသံဃိကဂိုဏ်းဟူ၍ လည်းကောင်း၊ ဂိုဏ်းဂဏအနေဖြင့် စတင်ခေါ်ဆိုသိမှတ်ကြသည်။

ဒုတိယအကြိမ် သံဂါယနာတင်သည့် ကာလမှစ၍ ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိက (မဟာသင်္ဂီတိ) ဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲလာသည်။ ထို့နောက် မူလထေရဝါဒဂိုဏ်းတွင် ဂိုဏ်းကွဲ ၁၂ ဂိုဏ်း မဟာသံဃိကဂိုဏ်းတွင် ဂိုဏ်းကွဲ ၆ ဂိုဏ်းပေါင်း ၁၈ ဂိုဏ်း ဖြစ်လာသည်။ မထင်ရှားသော ဂိုဏ်းငယ်ခြောက်ဂိုဏ်းလည်း ကွဲလာပြန်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ဒုတိယ သံဂါယနာတင်အပြီးတွင် နှစ်ပေါင်း ၂၀၀ အတွင်း ဂိုဏ်းကွဲပေါင်း ၃၀ ကျော်မျှ ဖြစ်လာသည်။ သီရိဓမ္မာသောကမင်းလက်ထက် သာသနာတော်နှစ် ၂၃၅ နှစ်၌ တတိယ သံဂါယနာနှင့် သီဟိုဠ်ဝဋ္ဋဂါမဏိမင်းလက်ထက် သာသနာတော်နှစ် ၄၅၀ ၌ စတုတ္ထ

(ဒုတိယအကြိမ်)

သံဃါယနာ တင်တော်မူကြပြီးသည့် နောက်တွင်လည်း ဂိုဏ်းကွဲများ ဖြစ်ပေါ်လာသည်။

သီဟိုဠ်သာသနာတွင် အရှင်မဟိန္ဒ မျိုးစေ့ချခဲ့သည့် ထေရဝါဒကိုပင် လက်ခံသော်လည်း (၁) ဝဋ္ဋဂါမဏိမင်း လက်ထက်၌ မူလမဟာဝိဟာရဝါသီဂိုဏ်း (၂) ၎င်းဂိုဏ်းမှ ခွဲထွက်သော အဘယဂီရိဝါသီဂိုဏ်း (ဓမ္မရုစိဂိုဏ်းဟုလည်း တွင်သည်) (၃) ၎င်းမှခွဲထွက်သော မဟာသေနမင်းလက်ထက် ဇေတဝနဝါသီဂိုဏ်းနှင့် (၄) ဘာဂိနေယျဒါဌာပတိမင်း လက်ထက် မဟာဝိဟာရဝါသီနှင့် ဆင်တူရိုးမှားဂိုဏ်းဟူ၍ ဂိုဏ်းကြီးလေးဂိုဏ်း ဖြစ်လာသည်။ ၎င်းဂိုဏ်းကြီးလေးဂိုဏ်းအနက် မူလစူလမဟာဝိဟာရဝါသီဂိုဏ်းသာလျှင် ဓမ္မဝါဒီ ကျန်သုံးဂိုဏ်းမှာမူ အဓမ္မဝါဒီများ ဖြစ်သည်ဟုဆို၏။

## မြန်မာနိုင်ငံသာသနာ

သီရိဓမ္မာ သောကမင်းလက်ထက် ကိုးတိုင်းကိုးဌာနသို့ ထေရဝါဒသာသနာပြု စေလွှတ်ရာ၌ အရှင် သောဏမထေရ်နှင့် အရှင်ဥတ္တရ မထေရ်တို့သည် သုဝဏ္ဏဘူမိ (သထုံ) သို့ ရောက်လာကြပြီး ထေရဝါဒသာသနာကို မျိုးစေ့ချတော်မူကြသည်။ ထိုနောက် သာသနာနှစ် ၁၅၅၁ နှစ်တွင် သထုံမှ အရှင်ဓမ္မဒဿီ (အရှင်အရဟံ)သည် ပုဂံပြည်သို့ ရောက်ရှိလာသည်။ ဘုရင်အနော်ရထာနှင့် တွေ့ဆုံကာ ထေရဝါဒသာသနာတော်ကို ပြန့်ပွားစေခဲ့သည်။ မူလက ပုဂံတွင် မဟာယာနဂိုဏ်းဝင် အရည်းကြီးများ၏ အယူဝါဒများ လွှမ်းမိုးလျက်ရှိ၏။ ပုဂံတွင် ထေရဝါဒသာသနာ ထွန်းကားလာပြီးသည့်နောက် ဝါဒ

တူဖြစ်သော သီဟိုဠ်နိုင်ငံနှင့် ဘာသာရေး အကြောင်းပြု၍ အဆက်သွယ်များလာသည်။

## ဂိုဏ်းကွဲအစ

ပုဂံ အနော်ရထာမင်းသည် ကောဇာသက္ကရာဇ် (၃၉၇) ခုနှစ်တွင် အနိစ္စရောက်ပြီးသည့်နောက် စောလူးမင်း၊ ကျန်စစ်သား၊ အလောင်းစည်သူမင်း၊ ကုလားကျမင်းနှင့် သက္ကရာဇ် ၅၂၃ ခုနှစ်တွင် နရပတိစည်သူမင်းတို့ ဆက်လက်အုပ်စိုးသည်။ အနော်ရထာမင်းလက်ထက်မှ နရပတိစည်သူမင်းအထိ နှစ်ပေါင်း ၁၅၀ ကျော်အတွင်း၌ အရှင်အရဟံ တည်ထောင်ခဲ့သော ဂိုဏ်းဂဏတင်စုတည်းသာ ရှိခဲ့သည်။ နရပတိစည်သူမင်းလက်ထက် ၅၃၂ ခုနှစ်တွင် မင်းဆရာဘစ်ပါးဖြစ်သည့် ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်သို့ ကြွတော်မူ၏။ ထိုမထေရ်နှင့် အတူပါသွားသော ပုသိမ်မြို့ ကျေးလက် ဆပဒရွာမှ ဆပဒသာမဏေသည် သီဟိုဠ်တွင် ရဟန်းအဖြစ်ကို ခံယူပြီးနောက် ပိဋကတ်စာပေများသင်ယူရန် ကျန်ရစ်ခဲ့သည်။ ၁၀ နှစ်မျှ သီဟိုဠ်၌ ပိဋကတ်စာပေများကို သင်ယူပြီးနောက်၊ သီဟိုဠ်သား ရဟန်းတော် လေးပါးနှင့်အတူ ပုဂံသို့ပြန်လာသည်။ ဆပဒမထေရ် ပုဂံသို့မရောက်မီ လေးငါးရက်ခန့်အလိုတွင် ဆရာဖြစ်သူ အရှင်ဥတ္တရာဇီဝမထေရ် ပျံလွန်တော်မူသည်။

ပုဂံသို့ ပြန်ရောက်ပြီးသည့်နောက် ဆပဒမထေရ်နှင့် သီဟိုဠ်သား ရဟန်းတော် လေးပါးတို့သည် ပုဂံသား မြန်မာရဟန်းတော်များနှင့် တပေါင်းတည်း သံဃာ့ကံကြီး ကံငယ်ကို မပြုကြဘဲ ခွဲခြားပြီး သံဃာ့ကံ ပြုကြသည်။ ဘုရင်ဖြစ်သူ နရပတိ

စည်သူမင်းကလည်း သီဟိုဠ်တွင် ရဟန်းအဖြစ် ရယူခဲ့သည့် ဆပဒမထေရ်နှင့် သီဟိုဠ်သား ရဟန်းလေးပါးကိုသာ ရဟန်းအစစ် ရဟန်းအမှန် ဖြစ်သည်ဟုယူဆလျက် ချီးမြှောက် ကိုးကွယ်သည်။ ရောဝတီမြစ်လယ်တွင် ဖောင်ဖွဲ့၍ ရေသိမ်ပြုလုပ်ကာ ဆပဒမထေရ်နှင့် သီဟိုဠ်သား ရဟန်းလေးပါးတို့က ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းလောင်း မြောက်များစွာတို့အား ရဟန်းအဖြစ် ခံယူစေသည်။ ဤနည်းဖြင့် ဆပဒမထေရ်၏ တပည့်တော် ရဟန်းများ တိုးပွားလာကာ တဂိုဏ်းတဖွဲ့ သီးခြားဖြစ်လာ၏။ ဆပဒမထေရ် ပျံလွန်တော်မူပြီးသည့်နောက်တွင် သီဟိုဠ်သား မထေရ်သုံးပါးသည်လည်း ကိုယ့်တပည့် ကိုယ့်အသိုင်းအဝိုင်းနှင့် သီးခြားတဂိုဏ်းစီ ဖြစ်လာသည်။ ထိုအချိန်အခါက ပုဂံတွင်—

(၁) သထုံပြည်မှလာသော သာသနာဆက် ရဟန်းသံဃာတော်များဂိုဏ်း၊ (၂) သီဟိုဠ်သား သီဝလိမထေရ်၏ တပည့်ရဟန်းသံဃာတော်များဂိုဏ်း၊ (၃) သီဟိုဠ်သား တာမလိန္ဒမထေရ်၏ တပည့်ရဟန်း သံဃာတော်များဂိုဏ်း၊ (၄) သီဟိုဠ်သား အာနန္ဒမထေရ်၏ တပည့်ရဟန်း သံဃာတော်များဂိုဏ်းဟူ၍ သံဃာဂိုဏ်းလေးဂိုဏ်း ဖြစ်ပေါ်လာသည်။ မြန်မာနိုင်ငံ ထေရဝါဒသာသနာတွင် သံဃာဂိုဏ်းခွဲများ ဖြစ်ပေါ်လာခြင်း အစပုဂံပြည် ဆပဒမထေရ်ကဟူ၍ ဆိုနိုင်ပါသည်။

## ပုဂံခေတ်နောက်ပိုင်း

ပုဂံခေတ်ဦးပိုင်း၌ မဟာယာနဂိုဏ်းနှင့် တန္တြ—မန္တရဂိုဏ်းဝင် အရည်းကြီးများပေါ်ထွန်းလာပြီးနောက် အနော်ရထာမင်း

(ဒုတိယအကြိမ်)

လက်ထက်မှစ၍ နောက်ပိုင်တွင် ထေရဝါဒ ဗုဒ္ဓဘာသာသည် အမြစ်တွယ် ခိုင်မြဲလာ၏။ သို့သော် အရည်းကြီး များ၏ အယူဝါဒ လုံးဝပျောက်ကွယ်သွားသည်ဟု မဆိုနိုင်။ ၎င်းတို့၏ ကျင့်စဉ်နှင့် လုပ်ထုံးလုပ်နည်း အငွေ့အသက်သည် လည်းကောင်း၊ ဟိန္ဒူဗြဟ္မဏနှင့် နတ်ကိုးကွယ်မှု အငွေ့အသက်များသည်လည်းကောင်း၊ ထေရဝါဒအမည်ခံ တိုင်းရင်းသားတို့၏ ကိုးကွယ်မှု၌ ယနေ့တိုင် ထွေးရောယှက်တင် မစင်မကြယ် ဖြစ်နေသည်ဟုဆိုပါက မှားမည်မထင်ပါ။ ဤကဲ့သို့ ကိုးကွယ်ယုံကြည်မှု၌ အရောရော အထွေးထွေး ဖြစ်နေခြင်းသည်ပင်လျှင် ကွဲပြားသော ဂိုဏ်းဂဏများ ပေါ်ပေါက်လာရခြင်း အကြောင်း တရပ်ဖြစ်သည်ဟု ဆိုရမည်။

ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်၌ အရှင်အရဟံ၏ အဆက်အနွယ်တဂိုဏ်းနှင့် သီဟိုဠ်သားရဟန်းတော်သုံးပါးတို့၏ အဆက်အနွယ် သုံးဂိုဏ်းကွဲလာပုံကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ရှင်အရဟံ၏ အဆက်အနွယ်ဂိုဏ်းကို ပုရိမသံဃာဂိုဏ်းဟူ၍ လည်းကောင်း၊ သီဟိုဠ်သား အရှင်အာနန္ဒာ၏ အဆက်အနွယ် ဂိုဏ်းကို ပစ္ဆိမသံဃာဂိုဏ်းဟူ၍ လည်းကောင်း ပုဂံခေတ် နောက်ပိုင်းတွင် ခေါ်ဝေါ်သိမှတ်ကြသည်။

## မြို့နေဂိုဏ်းနှင့် တောနေဂိုဏ်း

ပင်းယခေတ် ဥဇနာမင်းလက်ထက် (၇၀၂) ခုနှစ်တွင် သာသနာတော်၌ ကြည်ညိုသည့်အလျောက် စကားကျောင်း ခုနစ်ကျောင်းဆောက်လုပ်ပြီး အရှင်အရဟံ၏ အဆက်အနွယ် (ပုရိမသံဃာဂိုဏ်းဝင်)သံဃာတော်များကို နှစ်ကျောင်း၊ သီဟိုဠ် အရှင် အာနန္ဒာ၏ အဆက်အနွယ်၊ (ပစ္ဆိမသံဃာဂိုဏ်းဝင်)

သံဃာတော်များကို ငါးကျောင်းကပ်လှူသည်။ ၎င်းစကားကျောင်း ခုနစ်ကျောင်းမှ သံဃာတော်များသည် ဝိနည်းတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသည့် သီလဝန္တလဇ္ဇီပုဂ္ဂိုလ်များဖြစ်ကြသော်လည်း နောက်ပိုင်းတွင် ထိုသံဃာအစုများ အထဲမှာပင် ဝိနည်းတော်နှင့် ဆန့်ကျင်ပြီး အကျင့်သီလဖောက်ပြန်သူများရှိလာသဖြင့် အချို့သော အကျင့်သီလနှင့်ပြည့်စုံသောရဟန်းများက လူသူနှင့်မနီး တောတောင်အရပ်များသို့ ခွဲထွက်သွားကြရာ ထိုသံဃာစုကို တောနေ ဇေတဝနဂိုဏ်း အဖြစ်အရညဝါသီဂိုဏ်း ဟူ၍ လည်းကောင်း၊ လူနှင့်နီးသော မြို့ရွာဒေသများ တွင် ကျန်ရှိနေထိုင်သော ရဟန်းများကို ဂါမဝါသီ ဗဟုစာရ (ဂါမဝါသီ ဂိုဏ်း) ဟူ၍ လည်းကောင်း ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲပြားဖြစ်ပေါ်လာပါသည်။

## ပွဲကျောင်းဂိုဏ်း

ဂါမဝါသီခေါ် ပွဲကျောင်းဂိုဏ်းဝင် သံဃာများ သည် မြို့ရွာများတွင် နေထိုင်ကြသည့်အလျောက် မင်မှုကိစ္စ၊ လူမှုကိစ္စများကိုသာ အဓိကထား၍ ဆောင်ရွက်ကြသည်။ ဝိနည်းအကျင့်သိက္ခာဘက်တွင် လည်းကောင်း၊ ပရိယတ် ပဋိပတ်တွင် လည်းကောင်းလျော့နည်း ပျက်ပြယ်လာကြသည်။ ဤကဲ့သို့ ပွဲကျောင်းဂိုဏ်းဝင်တို့သည် သံဃကျင့်ဝတ်များ ပျက်ပြယ်လာသည့်အလျောက်၊ အနော်ရထာမင်းလက်ထက်က အရည်းကြီးအကြွင်းအကျန်များနှင့် ရှင်ဘုရှင်ယောင်များသည် ဂါမဝါသီ ပွဲကျောင်းဂိုဏ်းသို့ ကူးဝင်လာကြသည်။ ငါးစီးရှင် ဘုရင်ကျော်စွာလက်ထက်မှစ၍ လောကီမှုကို အဓိကထားသော ဂါမဝါသီ ပွဲကျောင်းဂိုဏ်းဝင်တို့သည် ထင်ရှားကျော်ကြား

(ဒုတိယအကြိမ်)

လာသည်။ သာသနာတော်၌ အလဇ္ဇီဒုဿီလများ အရာ ရောက်လွှမ်းမိုး၍ လာကြသည်။

## အတင်(ထုံ)ဂိုဏ်းနှင့်အရုံဂိုဏ်း

လွန်ခဲ့သည့်နှစ်ပေါင်း (၂၇၀) ကျော်ခန့်၊ အေဒီ ၁၆၉၀ ခုနှင်တွင် နန်းတက်သည့် အင်းဝမာန်အောင် ရတနာမင်းလက် ထက်၌ သံဃာတော်များအတွင်း အတင် (ထုံ)ဂိုဏ်းနှင့် အရုံ ဂိုဏ်း ဩသနာ ပေါ်ပေါက်လာသည်။ ထိုမင်းလက်ထက် တုံရွာ ကျောင်း ဆရာတော်အရှင် ဂုဏာဘိလင်္ကာရက သာမဏေများ မြို့တွင်း ရပ်တွင်းသို့ သွား လာပါက သင်္ကန်းကို မရုံစေဘဲလက် ကန်တော့တင်ပြီး သွားနိုင်သည်။ ဦးထုတ်တရပတ်ကိုလည်း မ ဆောင်းမကိုင်စေပဲယပ်ကိုသ လက်ကဆွဲကိုင်စေသည်။ထို့နောက် တုံရွာဂိုဏ်းဟူ၍ ဂိုဏ်းသိ ခြားထောင်သည့် ထုံဂိုဏ်း (တနည်း) အတင်ဂိုဏ်းဟု သိမှတ်ခေါ်ဝေါ်ကြသည်။

တောင်ငူမြို့မှ အရှင်ပုဒ္ဓင်္ကုရ၊တပယင်းမြို့ ကျေးရွာမှ အရှင် သုနန္ဒ၊ တရုတ်မြို့ ငါ့ရုံ့အိုးရွာမှ အရှင်ကလျာဏတို့က သာမဏေ များ မြို့တွင်းရပ်တွင်သို့ သွားလာပါက သင်္ကန်းကိုရုံရမည်။ လက်ကန်တော့မထိုးရဟု ဆုံးဖြတ်ကြသည်။ ဤဆုံးဖြတ်ချက် အတိုင်း လက်ခံကျင့်သုံးသည့် သံဃာအဖွဲ့ကို "အရုံတော်ဂိုဏ်း" ဟူ၍ ခေါ်ကြသည်။

ထို့နောက် ညောင်စဉ်ရွာ ရွှေကျောင်းဆရာတော်က ဂါမ ဝါသီ (မြို့ဂိုဏ်း) ရဟန်းများကို အုပ်စုဖွဲ့စုဆောင်းကာ ရဟန်း သာမဏေများ ဦးထုတ်ဒေါက်ခြာ ဆောင် သည့်အဖွဲ့ ဖွဲ့စည်း ပြန်သည်။ ဦးထုတ်ဒေါက်ခြာဆောင်းဂိုဏ်းဟု အမည်တွင်သည်။ ဦးထုတ်ဒေါက်ခြာ ဆောင်းရမည်ဟူသောဝါဒကို ရွှေကျောင်း

(ဒုတိယအကြိမ်)

ဆရာတော်က အကြမ်းဖက်ဆောင်ရွက်လျက် အရာ၌ဝါသီ၊ တောင်ဂိုဏ်း၏ ကျောင်းကန်ဇရပ်များကိုလည်း ဖျက်ဆီးစေသဖြင့် မန္တလေးအောင်ရဘနာမင်းက ကြားသိ၍ မင်းအာဏာဖြင့် တားမြစ်ယူရသည်၊

ဤအသင်း အရုံနှင့် ဦးထုတ်ဒေါက်ခြာဆောင်း ပြဿနာသည် ဟံသာဝတီရောက် မင်းလက်ထက် ၁၁၁၃ ခုနှစ် အင်းဝပျက်သည်အထိ ဖြေရှင်းခြင်း မပြုနိုင်။ ကုန်းဘောင်ခေတ်အလောင်းမင်းတရား၊ နောင်တော်ကြီးမင်းနှင့် ဆင်ဖြူရှင်မင်းများသည်လည်း ဤအသင်းအရုံဂိုဏ်းပြဿနာကို မဖြေရှင်းနိုင်ကြ။ ၁၁၃၇ ခုနှစ် စဉ့်ကူးမင်းလက်တွင် အရုံဂိုဏ်းက အနိုင်ရလျက် တပြည်လုံးလိုက်နာကျင့်သုံးရန် မင်းအမိန့်ထုတ်ခဲ့သည်။ သို့သော်လည်း အတင်ဂိုဏ်း အဆက်အနွယ်များ ပျောက်ကွယ်မသွားသဖြင့် ဗဒုံမင်း (ဘိုးတော်) လက်ထက်အထိ ဤပြဿနာသည် ရှိနေဆဲဖြစ်သည်။

၁၁၆၁ ခုနှစ်တွင် ဘကြီးတော် (စစ်ကိုင်းမင်း) လက်ထက်တွင် ဤအတင် အရုံ ပြဿနာကို ပြန်လည်စစ်ဆေးစေပြီးနောက် အတင်ဂိုဏ်းဘက်က မှားယွင်းကြောင်း ဝန်ခံသဖြင့် သာမဏေများသည် ရွာဝင်ရွာထွက် သင်္ကန်းရုံကြရမည်ဟူသော အမိန့်ထုတ်ပြန်ကာ တနိုင်ငံလုံး လိုက်နာကျင့်သုံးစေသဖြင့် ဤပြဿနာ ပြီးပြတ်ခဲ့သည်။ အတင်ဂိုဏ်း၊ အရုံဂိုဏ်းပြဿနာသည် နှစ်ပေါင်း ၁၂၀ ကျော်မျှ အငြင်းပွား ကြာရှည်ခဲ့သည်ဟု ဆိုသည်။

## ရတနာပုံမန္တလေးခေတ်

ကုန်းဘောင်ခေတ်နောက်ပိုင်းဖြစ်သည့် ဗဒုံမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်တွင် သာသနာရေးရာ

ကိစ္စများကို သာသနာပိုင် ဆရာတော်ကြီးများ ခန့်အပ်ပြီး စီမံ အုပ်ချုပ်ကြသည်။ သာသနာပိုင် တဲဖက်သာသနာပိုင် စသည် ဖြင့် ဆရာတော်ကြီးများပါဝင်သော သုဓမ္မာအဖွဲ့ ဖွဲ့စည်းလျက် မဟာဒါန်ဝန်၊ မဟာဒါန်စာရေးများ ခန့်ထားကာ သံဃာ တော်များကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်သည်။ သီလဝန္တ၊ ပညာ ဝန္တ ဖြစ်တော်မူသော ဆရာတော်ကြီးများအား ရာဇာဓိ ရာဇာဂုရု ဘွဲ့တံဆိပ်ဆက်ကပ်ကာ မင်းဆရာအဖြစ်ဖြင့် တင် မြှောက်ပူဇော်လျက် သာသနာ့ရေးရာများတွင် ဆရာတော်ကြီး များထံ လျှောက်ထား၍ ဆောင်ရွက်လေ့ရှိကြသည်။

ဘိုးတော် (ဗဒုံ) မင်းတရားလက်ထက်၌ (၁) မင်းအိုဆရာ တော် (၂) မာန်လည်ဆရာတော် (၃) ဆုံထားဆရာတော် နှင့် (၄) မင်းရွာဆရာတော်တို့အား သာသနာပိုင် ဆရာတော် လေးပါး လက်ထောက် သာသနာပိုင် ဆရာတော်ရှစ်ပါးပေါင်း သာသနာပြုဆရာတော် ၁၂ ပါး ခန့်ထားသည်။ ၁၁၅၀ ပြည့် နှစ်တွင် မောင်းထောင်ဆရာတော်၏ တပါးတည်းကိုသာ သီး ခြား၍ သာသနာပိုင်အဖြစ်ဖြင့် တင်မြှောက် ခန့်ထားသည်။ မဲထီးဆရာတော်သည် မောင်းထောင်သာသနာပိုင်၏ အမိန့်ဖြင့် ကောဘုမတီ တောင်ပူသို့သွားရောက်၍ ဦးထုပ်ဒေါက်ခြာဆောင်း သည့် ရဟန်းများ၊ ဝိနည်းတော်နှင့်ဆန့်ကျင်ကာ ဝတ်ရုံမှုပြု ကြသော အလဇ္ဇီများအား အရေးယူရှင်းသင်းခြင်း ပြုရ သည်။

ဤကဲ့သို့သော သာသနာပိုင် ဆရာတော်များ ပါဝင်သော သာသနာပြုအဖွဲ့ (တနည်း) သုဓမ္မာအဖွဲ့များ ခန့်ထား၍ သာ သနာ့ရေးရာများကို စီမံခန့်ခွဲ အုပ်ချုပ်တော်မူလာခဲ့ကြရာ ကုန်း

(ဒုတိယအကြိမ်)

ဘောင်ဆက်နှောက်ပိုင်း မင်းတုန်း၊ သီပေါမင်းများလက်ထက်၌ ထင်ရှားသော သီလဝန္တ၊ ပညာဝန္တ သိက္ခာကာမ ဖြစ်တော်မူကြသော မင်းဆရာအချို့ကို အစွဲပြု၍ ဂိုဏ်းဂဏများ ဖြစ်ပေါ်လာသည်။ ဥပမာ—ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်း၊ ဒွါရဂိုဏ်း၊ ငှက်တွင်းဂိုဏ်း စသည်တို့ဖြစ်၏။

ဘိုးတော် (ဗဒုံမင်း)တရား၊ (၁၇၈၂—၁၈၁၉) လက်ထက် သာသနာပိုင်ဖြစ်တော်မူသော ပထမ မင်းအိုဆရာတော်မှ အစပြု၍ ဆရာအစဉ်ဆက်နှင့် ဂိုဏ်းဂဏတို့၏ စာရေးသူ သိရသမျှ အောက်ပါအတိုင်း ဖြစ်ပါသည်။




(ဒုတိယအကြိမ်)

အထက်ပါ ဇယားကို ကြည့်ရှုလေ့လာပါက ကုန်းဘောင်ခေတ် နောက်ပိုင်း ရတနာပုံ မန္တလေးခေတ်တွင် ဖြစ်ပေါ်လာသော သုဓမ္မာဂိုဏ်း၊ ဝေဠုဝန်ဂိုဏ်း၊ ငှက်တွင်းဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်း တို့၏ အဦးအစ ဆရာမြတ်တို့သည် သံအင်းဆရာတော် ဘုရားကြီးနှင့် သီးလုံး ဆရာတော်ဘုရားကြီး တို့၏ ဆရာတူ တပည့်ကြီးများသာ ဖြစ်ကြောင်း တွေ့ရှိကြရပါမည်။ လက်ရှိဂိုဏ်းများ မျက်မှောက်ခေတ် နိုင်ငံတော်အစိုးရ၏ အသိအမှတ်ပြု သံဃာဂိုဏ်းကြီး (၉) ဂိုဏ်းတို့မှာ (၁) သုဓမ္မာဂိုဏ်း (၂) ရွှေကျင် (၃) မူလဒွါရ (၄) မဟာဒွါရ (၅) အနောက်ချောင်းဒွါရ (၆) ဝေဠုဝန် (၇) ငှက်တွင်း (၈) ဂဏဝိမုတ်ကူးတို့ဂိုဏ်း (ထားဝယ်) (၉) ဓမ္မယုတ္တိကနိကာယ မဟာရင်ဂိုဏ်း (မွန်) ဟူ၍ ဖြစ်ပါသည်။

ရှမ်းပြည်နယ် ကချင်ပြည်နယ်—နှင့် အစွန်အဖျားကြသော ဒေသအချို့၌ ထေရဝါဒနှင့် မတူညီသော ဂိုဏ်းငယ်အချို့ ရှိသော်လည်း မထင်ရှားသော သံဃာအနည်းငယ် အဖွဲ့အစည်းများသာ ဖြစ်ပါသည်။

ထေရ်ရဝါဒနိုင်ငံ ဖြစ်သော သီဟိုဠ်၌လည်း ယိုဒယားအနွယ် ဖြစ်သော ရှမ်းဂိုဏ်း၊ ပဲခူး၊ သထုံအနွယ်ဖြစ်သော ရာမညဂိုဏ်း၊ အမရပူရ မောင်းထောင်ဆရာတော် ဘုရားကြီး၏ အနွယ် ဖြစ်သော အမရပူရဂိုဏ်း၊ ရွှေကျင်အဆက်အနွယ်ဂိုဏ်း၊ စသည်ဖြင့် ရှိကြသည်။ မြန်မာနိုင်ငံနှင့် သီဟိုဠ်နိုင်ငံရှိ သံဃာ့ဂိုဏ်းများသည် တစ်မျိုးတည်းသော ပိဋကတ်တော် များကိုသာ သင်ကြား ပို့ချကြလျက် ကျင့်ဝတ်တွင်လည်း ဝိနည်း ဒေသနာတော်၌ ပါရှိသည့်အတိုင်း ဖြစ်သဖြင့် အခြားသော ဘာသာရေး ဂိုဏ်းများ

ကွဲသို့ ကွဲပြားခြင်းမရှိပါ။ ရွှေကျင်ဆရာတော်၏ တပည့် သံဃာ အဖွဲ့အစည်းကို ရွှေကျင် ဂိုဏ်း၊ အုဂ်ဖိုရ် ဆရာတော်၏ တပည့် သံဃာအဖွဲ့အစည်းကို ဒွါရဂိုဏ်းစသည်ဖြင့် ပထမမူလ ဆရာတော် ကြီးများ၏ ဘွဲ့အမည် ဝေါဟာရကို အစွဲပြု၍ ဂိုဏ်းဟု အမည် တပ် ခေါ်ဝေါ်ကြခြင်းသာ ဖြစ်ပါသည်။ ပဋိပတ်၌ ကွဲပြား ခြင်း မရှိကြဘဲ အချို့သောဂိုဏ်း စည်းမျဉ်း ဥပဒေသများတွင် သာ ဒေသအလိုက် မတူညီ ကွဲပြားခြင်းသာ ဖြစ်ကြပါသည်။

နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု စစ်ကိုင်း ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၏ ဩဝါဒ မိန့်ခွန်းတစ်နေရာ တွင် ဤသို့တွေ့ရသည်။

ဩဝါဒစကားကို မပြောကြားမီ ရှေးဦးစွာ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း ဒွါရဂိုဏ်း၊ အစရှိသော မျက်မှောက်ခေတ် မြန်မာ နိုင်ငံ သာသနာ နယ်ပယ်၌ ဂိုဏ်းအသီးသီး အကြောင်းကို ရှေး ဦးစွာ ပြောကြားလိုပါသည်။

ဒုတိယ သံဂါယနာတင် ပြီးသောအချိန်မှ စ၍ မြတ်စွာ ဘုရား သာသနာတော်၌ ဂိုဏ်းအမျိုးမျိုး၌ ကွဲပြားလာကြသည် ကို ဆရာတော်များ သိရှိတော်မူကြပြီး ဖြစ်ပါသည်။ ထိုအချိန် အခါက ဂိုဏ်းကွဲပြားခဲ့သည်မှာ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း ဝိနည်း ပိဋကတ်သာ ကွဲသည်မဟုတ် မူ၍ သုတ္တန် အဘိဓမ္မာတိုင်အောင် ထူးခြားစွာ ကွဲပြား ခဲ့ကြသည်။ ယနေ့တိုင်အောင်ပင် မဟာ ယာန ဂိုဏ်းနှင့် ထေရဝါဒဂိုဏ်းတို့သည် အဝတ်အရုံ အစား အသောက်မှ စ၍ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း ဆက်စပ်၍ မဖြစ် အောင် ကွဲပြားလျက် ရှိကြပါသည်။ ယနေ့ မြန်မာနိုင်ငံ သာသနာ့ နယ်ပယ်၌ သုဓမ္မာ ရွှေကျင် ဒွါရ စသည်ဖြင့် ဂိုဏ်း

ပညတ်အစုံကို ပယ်ဖျောက်ကြလျက် တစ်ခုတည်းသော တစ်ဖွဲ့တည်းသော သံဃာ့ အဖွဲ့အစည်းကြီး အဖြစ်ဖြင့် ရပ်တည်ကာ စည်းလုံးညီညွတ်စွာဖြင့် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူနိုင်ကြပါစေ ဟူ၍ ဆုပတ္ထနာပြုယင်း ဤဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။

ကွဲပြားသည်ဟု ဆိုရသည်မှာက အမှန်စင်စစ် ကွဲပြားသည်ဟုပင် ပြောသင့်သည် မဟုတ်ပါ၊ မြန်မာပြည်၌ သာသနာတော်နှင့်စပ်၍ ဝါဒကွဲပြားသော ဂိုဏ်းကွဲဟူ၍ မရှိဟု ရဲရဲ ပြောနိုင်ပါသည်။

× × ×

ရွှေကျင်နိကာယဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ ဖြစ်တော်မူသော သက်တော်ရှည် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၏ အထက်ပါ သြဝါဒ မိန့်ခွန်းကို ထောက်ရှုလျက် ကွဲပြားသယောင်ယောင် အခိပ္ပာယ် ကောက်ယူထားကြသော မြန်မာနိုင်ငံ သံဃာဂိုဏ်း အားလုံးတို့သည် ဂိုဏ်းဟူသော ဝေါဟာရ

ဆရာစဉ်ဆက် ဂိုဏ်းဂဏများ ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ ကွဲလွဲချက်များ မှုကွဲများ ရှိပါက စာရေးသူထံ အကြောင်းကြားတော်မူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ဂိုဏ်းကြီး (၉) ဂိုဏ်း

သာသနာတော် သန့်ရှင် တည်တံ့ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာစည်းဝေးပွဲကြီးကို ၁၃၄၂ ခု၊ နယုန်လဆန်း ၁၁ ရက်နေ့မှ ၁၄ ရက်နေ့ (၁၉၈၀ ပြည့် မေလ ၂၄ မှ ၂၇ ရက်နေ့) ထိ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ

တော်၌ ပထမအကြိမ် ကျင်းပပြုလုပ်ခဲ့ကြသည်။ ထို အစည်း အဝေးပွဲကြီးသို့ တပြည်လုံးရှိ သံဃာတော် တစ်သိန်းကျော်ကို ကိုယ်စားပြု၍ အသိအမှတ်ပြု သံဃာ့ဂိုဏ်းကြီး (၉) ဂိုဏ်းမှ သံဃာသမ္မတိရ သံဃာ့ကိုယ်စားလှယ်တော် ၁၂၂၆ ပါး တက်ရောက်တော်မူကြကြောင်း သက်ဆိုင်ရာ မှတ်တမ်းတို့တွင် တွေ့ရသည်။

ဤဂိုဏ်းကြီး (၉) ဂိုဏ်းနှင့် စပ်လျဉ်း၍ ရဟန်းရှင် လူတို့၏ ဗဟုသုတ အလို့ငှာ စာရေးသူက ၁၉၈၁ ခုနှစ်တွင် စာအုပ်ငယ် တစ်အုပ် အကျဉ်းမျှ ရေးသားပြုစု ထုတ်ဝေခဲ့ဘူး၏။ ဤတွင် ဘာသာရေး၌ စိတ်ဝင်စားသူ ပုဂ္ဂိုလ်အချို့တို့ထံမှ အသိအမှတ် ပြု ဂိုဏ်းကြီး (၉) ဂိုဏ်းအပြင် ဗုဒ္ဓဘာသာဆိုင်ရာ အခြား ဂိုဏ်း ခွဲများ ရှိပါသေးသလား ဟူသော အမေးပြဿနာ ပေါ်ထွက် လာ၏။ ရှိပါသေးသည်ဟူ၍ပင် စာရေးသူအနေဖြင့် ဖြေဆိုရ ပါသည်။

အခြေခံစည်းမျဉ်း။ ။ဂိုဏ်းခွဲများ အကြောင်းကို မရေးသား မီ နိုင်ငံတော် သံဃာအဖွဲ့အစည်း အခြေခံ စည်းမျဉ်းမှ လိုအပ် သော အချက်များကို ရွေးချယ်စွာ ကောက်နုတ် ဖော်ပြလိုပါ သည်။ ဤ အခြေခံစည်းမျဉ်းကို ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်း အဝေးကြီး ဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင် အဖွဲ့က ရေးဆွဲ လျက် ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးမှ အတည်ပြုပြဋ္ဌာန်းပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာအဖွဲ့အစည်း အခြေခံ စည်းမျဉ်း အခန်း (၁) အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်။ အပိုဒ် (၂) တွင် ဤသို့ ဖော်ပြထားသည် အပိုဒ် (၂)။ ။ဤ

စည်းမျဉ်းတွင်ပါဝင်သော အောက်ပါ ဝေါဟာရ များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) သာသနာ ဆိုသည်မှာ—မြတ်စွာဘုရား၏ အဆုံးအမတော်ကို ဆိုလိုသည်။

(ခ) သံဃာဆိုသည်မှာ—ဥပသမ္ပဒဉတ္တိ စတုတ္ထကမ္မဝါစာဖြင့် မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ရှိ၍ အယူသီလ တူမျှသော ရဟန်းအပေါင်းကို ဆိုလိုသည်။

(ဂ) သံဃာ အဖွဲ့အစည်း ဆိုသည် မှာ—ဤ အခြေခံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းသော သံဃာ့အဖွဲ့အစည်းကို ဆိုလိုသည်။

(ဃ) ဂိုဏ်းဆိုသည်မှာ ၁၃၄၁ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက် ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက် မသောကြာနေ့ကို နောက်ဆုံးထား၍ သာသနာရေးဦးစီးဌာန၌ စာရင်းဝင်သော နောက်ဆက်တွဲ (က) တွင် ဖော်ပြ ထားသည့် သံဃဂိုဏ်းများကို ဆိုလိုသည်။

(င) ထေရဝါဒဆိုသည်မှာ—ပထမ သံဂါယနာမှ ဆဋ္ဌသံဂါယနာ အထိ သံဂါယနာ ခြောက်တန်တင်ထားသော ပါဠိတော် အဋ္ဌကထာဋီကာ အစရှိသော ပိဋကကို ဆိုလိုသည်။

(စ) ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီး ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ သံဃာတော် အရေအတွက်ပေါ် မူတည်ပြီး ဂိုဏ်း

အလိုက် အချိုးကျပင့်ဆောင်၍ သမ္မုတိရ သံဃာတော် ကိုယ်စားလှယ်များ ပါဝင် ကျင်းပသည့် အစည်းအဝေးကြီးကို ဆိုလိုသည်။

အပိုဒ်ငယ် (ဆ) မှ (က) အထိ ဤဆောင်းပါးနှင့် မသက်ဆိုင်သဖြင့် မဖော်ပြတော့ပြီ။

**စည်းမျဉ်းအပိုဒ်** ၄။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃအဖွဲ့အစည်း တစ်ခုတည်းသာ ရှိရမည်။

(ရှင်းလင်းချက်)။ ။မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကပင် သံဃာတော်များသည် တစ်စတစ်စဖြင့် ဂိုဏ်းအမျိုးမျိုး ကွဲပြားခဲ့ကြသည်။ ထိုသို့ ဂိုဏ်းအမျိုးမျိုး ကွဲပြားသည့်အားလျော်စွာ သံဃာ အချင်းချင်း ကြီးကြပ်အုပ်ချုပ်မှု စနစ်သည်လည်း တစ်စတစ်စ လျော့နည်းလာသည်။ သံဃာတော်များသည် မညီမညွတ် ကွဲပြားနေခဲ့သော် သံဃာ့နာယက မထေရ်ကြီးတို့၏ အဆုံးအမ ဩဝါဒသည် တစ်နိုင်ငံလုံး အတိုင်းအဘာအထိ ပျံ့နှံ့ခြင်း မရှိနိုင်တော့ပါ ယင်းသို့ ယိုယွင်းလာသော သံဃာ ညီညွတ်ရေးနှင့် သံဃာ အုပ်ချုပ်မှုစနစ်ကို စနစ်တကျ ဖွဲ့စည်းတည်ဆောက်ရန် ခေတ်အဆက်ဆက် သာသနာ့အကျိုးဆောင် သာသနာပြု ပုဂ္ဂိုလ်များက ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှု မရခဲ့ကြချေ၊ ယခုအခါ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့ပေးမှုအရ သံဃာ့ဝန်ဆောင် အဖွဲ့သည် တစ်ခုတည်းသော သံဃာအဖွဲ့အစည်းကြီး တည်ဆောက်ရန် ဤအခြေခံစည်းမျဉ်းကို ရေးဖွဲ့ခဲ့လေသည်။

(ဒုတိယအကြိမ်)

**စည်းမျဉ်းအပိုဒ်** ၅။ ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ထေရ်ဝါဒဂိုဏ်း အသီးသီးမှ ရဟန်းသံဃာ ဟူသမျှသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အတွင်း၌ အလိုအလျောက် ပါဝင်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ရှင်းလင်းချက်)။ ။ထေရ်ဝါဒ မဟုတ်သော အနည်းငယ်သော သံဃာ့ဂိုဏ်းများမှာ ထေရ်ဝါဒ သံဃာများနှင့် အယူဝါဒ ဝိနည်း အကျင့်မတူ ကွဲပြားခြားနားသောကြောင့် ဤ သံဃအဖွဲ့အစည်းမှအပ ဖြစ်သည်။

ထေရ်ဝါဒ သံဃာများသည် မည်သို့ပင် ဂိုဏ်းဂဏ ကွဲပြားသော်လည်း ပဓာနကျသော သုတ်ဝိနည်း အဘိဓမ္မာ တူညီသောကြောင့် ဤ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်သမျှ ကာလပတ်လုံး သံဃာ့ အဖွဲ့အစည်း၏ အလိုအလျောက် ရာသက်ပန် အဖွဲ့ဝင် ဖြစ်လျက်ရှိသည်။

**အခြေခံစည်းမျဉ်း** အပိုဒ် ၂ (ဃ)။ နှင့် အပိုဒ်–၇ အရ၊ ၁၃၄၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက် (၁–၂–၈၀) ပြည့်သောကြာနေ့ကို နောက်ဆုံးထား၍ သာသနာရေး ဦးစီးဌာန၌ စာရင်းဝင်သော သံဃာ့ဂိုဏ်းများ စာရင်းမှာ အောက်ပါ အတိုင်း ဖြစ်သည်။

၁။ သုဓမ္မာ
၂။ ရွှေကျင်ဂိုဏ်း
၃။ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ
၄။ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယ
၅။ အနောက်ချောင်း ဒွါရဂိုဏ်း
၆။ ဝေဠုဝန်နိကာယဂိုဏ်း

**(ဒုတိယအကြိမ်)**

၇။ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ဌက်တွင်းဂိုဏ်း
၈။ ဂဏဝိမုတ်ကူ တိုဂိုဏ်း
၉။ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း

အထက်ဖော်ပြပါ အကြောင်းအရာများတွင် နိုင်ငံတော်က အများစုကိုးကွယ်ရာ ဘာသာအဖြစ်ဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာကို အသိအမှတ်ပြု လက်ခံထားခြင်းနှင့် တစ်ခု တည်းသော သံဃာ့ အဖွဲ့အစည်းကြီး ဖြစ်မြောက်ရေးဟူသော ရည်ရွယ်ချက် ပန်းတိုင် ထားရှိခြင်း တို့မှာ အချုပ်အားဖြင့် ထင်ရှားပေါ်လွင် လျက် ရှိပါသည်။

ဤတွင် မြန်မာနိုင်ငံ ဘာသာရေး ကိုးကွယ်မှု ထေရဝါဒ ဗုဒ္ဓဘာသာအပြင် အခြား ကိုးကွယ်မှုများ ရှိပါသေးသလား ဟူသော အချက်ကိုလည်း လေ့လာဖို့ လိုအပ်လာပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာ။ မြန်မာနိုင်ငံသို့ မြတ်စွာဘုရား၏ သာသနာတော် ရောက် ရှိလာသည် မှာ မြတ်စွာဘုရား သက်တော် ထင်ရှား ရှိစဉ်ကပင် ဖြစ်၏ဟု တန်ခိုးကြီး ဘုရားသမိုင်း ဆရာ များက ဆိုကြ၍၊ သုဝဏ္ဏ (သထုံ) သမိုင်းကမူ မြတ်စွာဘုရား သက်တော် ၄၀၊ ဝါတော် ၅ ဝါ မြောက်တွင် ဂဝံ ပတိ ရဟန္တာ ပင့်လျှောက်သဖြင့် ရဟန္တာ နှစ်သောင်း ခြံရံလျက် သထုံပြည်သို့ ကြွရောက်တော်မူသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည်နောက် ဂဝံပတိရဟန္တာ အရှင်မြတ်သည် သထုံသို့ကြွရောက်သီတင်းသုံးလျက် သာသနာပြုသည်ဟု ဆိုပါ သည်။

ခိုင်လုံသော ကမ္ဘာ့သမိုင်းအရ ဆိုလျှင် သာသနာ နှစ် ၁၃၅ (ဘီစီ—၃၀၉) နှစ်တွင် အသောကမင်း တတိယ သံဂါယနာ

တင်ပြီးသည့်နောက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု ပုဂ္ဂိုလ်များ စေလွှတ်သည့်အခါ အရှင်သောဏ မထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ သထုံသို့ ကြွရောက်လျက် ဦးစွာ သာသနာပြုတော်မူကြကြောင်း တွေ့ရပါသည်။ ထိုကမှ တစ်ဆင့် သာသနာတော်နှစ် ၁၅၅၁ နှစ်အတွင်း အရှင်အရဟံသည် ပေါက္ကံပြည် (ပုဂံ) သို့ ရောက်ပြီး အနော်ရထာ မင်းလက်ထက်၌ ထေရဝါဒ သာသနာတော် စတင်ထွန်းကားသည်ဟု ဝံသဒီပနီက ဆိုလျက် ခေတ်သမိုင်း ဆရာများသည်လည်း အနော်ရထာ ဘုရင်သည် ခရစ်နှစ်–၁၀၄၄ (အေဒီ) တွင် နန်းတက်သဖြင့် ထေရဝါဒ သာသနာသည် ၁၁ ရာစုနှစ် ခေတ်ဦးပိုင်းမှစ၍ ပုဂံပြည်၌ ထွန်းကားကြောင်း အဆိုရှိပါသည်။

## အနော်ရထာမတိုင်မီခေတ်

အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့သည် သထုံပြည်၌ ထေရ်ရဝါဒ သာသနာတော်ကို အစပျိုး ထူထောင်သည့် နှစ်မှာ သာသနာတော် နှစ် ၂၃၅–နှစ် (ဘီ–စီ–၃၀၈) ဖြစ်လျက် ဘုရင် အနော်ရထာ လက်ထက် အရှင်အရဟံမထေရ်က ပုဂံပြည်၌ ထေရ်ရဝါဒ သာသနာတော်ကို အစပျိုးသည့် နှစ်မှာ သာသနာတော် နှစ် ၁၅၅၁ (အေဒီ–၁၀၄၄) ဖြစ်ရာ နှစ်ပေါင်း ၁၃၀၀ ကျော်မျှ ကွာဝေး၍ နေကြောင်း တွေ့ရ၏။ ဤမျှ ကွာဝေးသော အနော်ရထာ မတိုင်မီ ခေတ်ကာလ အတွင်း၌ အထက်အောက် မြန်မာနိုင်ငံတွင် မည်သည့် အယူဝါဒများ ပေါ်ပေါက်ထွန်းကားလျက် ရှိပါသနည်းဟူသော အချက်ကို လေ့လာကြရပါမည်။

မွှေသောသက ဦးမောင်မောင်

(ဒုတိယအကြိမ်)

# ဓမ္မဃောသက စာပေများ

၁။ ဥဂ-ဖြာမင်္ဂလာ။ ။(ပါဠိ-မြန်မာ- အင်္ဂလိပ် သုံးဘာသာဖြင့်)

၂။ ပရိယတ်သာသနာ။ ။ပရိယတ်သာသနာ စည်ပင်ပြန့်ပွားရေး အတွက် ထီးချိုင့် တည်တော ဆရာတော်၊ မြောင်းမြ ဇာနည်တောင် အောင်မြေနှင့် ဓမ္မဃောသက ဦးမောင်မောင်တို့၏ ဆောင်းပါးများ ပါရှိသည်။

၃။ အနုံ့သတိ ဒီပနီ။ ။စလင်း ကိုးဆောင်တိုက် ပန်းလွှား ဆရာတော်ဘုရားကြီး ပြုစုရေးသား၍ ဓမ္မဃောသက ဦးမောင်မောင်၏ နိဒါန်းအကျယ် ပါရှိသည်။

၄။ မြန်မာနိုင်ငံ ထေရဝါဒ စစ်တမ်း။ ။မိုးကုတ် ခါတော်မှီ ကျောင်း ဆရာတော် အရှင်ပညိန္ဒာဘိဝံသ ဟော ပြောသည်ကို ဓမ္မဃောသက ဦးမောင်မောင်၏ အထူးနိဒါန်းဖြင့် ရေးသားပြုစုသည်။

၅။ သံဃာအား ဘုရား ယုံခဲ့သည်။ ။ဓမ္မ ဃော သ က ဦးမောင်မောင် အထူး စီစဉ် ရေးသား ပြုစုသော ဗုဒ္ဓမြတ်စွာ၏ သာသနာဖြစ်စဉ် သမိုင်း အကျဉ်း ဖြစ်သည်။ ၁၉၇၀-ပြည့်နှစ်၊ ဂိုဏ်းပေါင်းစုံ သံဃာ အစည်းအဝေးကြီးအကြောင်း ပြည့်စုံစွာ ဖော်ပြ ထားသည်။

**မဓုဃောသက** ဦးမောင်မောင် ၏ တိုးချဲ့ ပြင်ဆင် ရေးသား ရိုက်နှိပ်ထားသော အောက်ပါ စာအုပ်များကိုလည်း ဖတ်ရှု လေ့လာတော် မူကြပါရန်။

၁။ **သံဃာအား ဘုရားယုံခဲ့သည်** ၁၉၈၀ ပြည့်နှစ် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး အတွက် ဂိုဏ်းပေါင်းစုံ သံဃာ အစည်းအဝေးပွဲကြီး အကြောင်းကို အခြေခံ၍ အတိတ်နှင့် ပစ္စုပ္ပန် သာသနာ့ သမိုင်းကို ခေတ်မီ ပုံစံဖြင့် ရှင်းလင်း ရေးသားထားပါသည်။ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် ကြီးများ၏ အဆိုအမိန့်များ ဗကိုဝန်ဆောင်အဖွဲ့၏ အရေးကြီးသော ဆုံးဖြတ်ချက် ညွှန်ကြားချက်များ ပြည့်စုံစွာ ဖော်ပြ ပါရှိသည်။

၂။ မြတ်ဗုဒ္ဓ၏ တေဒဂ်ဘွဲ့ရ ပုဂ္ဂိုလ်မြတ်များ တိပိဋကနိကာယ သာသနာ့ပြု အဖွဲ့ကြီးမှ အုပ်ရေ သုံးသောင်းကျော် ရိုက်နှိပ်ဖြန့်ဖြူးပြီး ဖြင့်လက်ရှင်လူ အများကြိုက်နှစ်သက်သော စာအုပ်ကောင်း တစ်အုပ် ဖြစ်သည်။ အသင့်ပြင်ဆင်နှံ့မံ တိုးချဲ့ထားသည်။ ပုံမှာ ရှိရာ ပန်းချီ ဦး အငြိမ်းက တေဒဂ်ထူးရ ကျောင်း အပ်မကြီး ဝိသာခါ ပုံဖြင့် လှပစွာ သရုပ်ဖော် ထားသည်။

မဓုဃောသက စာပေတိုက်
အမှတ် ၃၂၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်
အထက်ပုဇွန်တောင်၊ ရန်ကုန်မြို့၊
(မင်္ဂလာတောင်ညွန့် စာတိုက်)

"ယနေ့ မြန်မာနိုင်ငံ သာသနနယ်ပယ်၌ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ စသည်ဖြင့် ဂိုဏ်းကွဲပြား သည်ဟု ဆိုရ သည်မှာကား အမှန်စင်စစ် ကွဲပြားသည်ဟုပင် ပြော သင့်သည် မဟုတ်ပါ။ ပြောဆိုရမည် မဟုတ်ပါ။ မြန်မာပြည်၌ ဗုဒ္ဓသာသနာတော်နှင့် စပ်၍ ဝါဒကွဲ ပြားသော ဂိုဏ်းကွဲဟူ၍ မရှိဟု ရဲရဲပြောနိုင်ပါသည်"။

အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် ဆရာတော်